# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ သောကြာနေ့ (20-11-2015) (၈၃၉၀)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုကြောင်း တယ်လီဖုန်းဖြင့်ဆက်သွယ်ပြောကြား



သမ္မတ ဦးသိန်းစိန်။



မစ္စတာ နရိန္ဒြာမိုဒီ။



မစ္စတာ ဘန်ကီမွန်း။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က ယနေ့နံနက်ပိုင်းတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့သည်။

ထိုသို့ပြောကြားရာတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံအစိုးရအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံမှ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုအစီရင်ခံစာကို မကြာမီ တင်သွင်းမည်

အင်တာဗျူး စာမျက်နှာ » ၉

## ရန်ကုန်မြစ်အတွင်း သင်္ဘောကြီးများ ရပ်နားထွက်ခွာချိန် ရေကြောင်းပြလိုအပ်ချက်အရ တွဲဆွဲရေယာဉ်များဖြင့် နေရာတည့်မတ်ဆောင်ရွက်ပေးလျက်ရှိ

သတင်း စာမျက်နှာ » ၆




ပင်လယ်ကူးသင်္ဘောတစ်စင်းအား တွဲဆွဲရေယာဉ်ဖြင့် ရေလမ်းကြောင်းပြဆောင်ရွက်ပေးနေသည်ကို ရန်ကုန်မြစ်အတွင်းတွင် နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်။




ကြေးမုံ စာတည်း ရှုထောင့် — ၂၀-၁၁-၂၀၁၅၊ သောကြာနေ့

# အပြန်အလှန်ထိန်းကျောင်း

ပထမအကြိမ် လွှတ်တော်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်ခန်းမများတွင် စတင်ကျင်းပနေပြီဖြစ်သည်။ ယခုကျင်းပနေသော လွှတ်တော်အစည်းအဝေးများသည် လွှတ်တော်ပထမသက်တမ်းအတွက် နောက်ဆုံးကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ်လွှတ်တော်သက်တမ်းမှာ နှစ်လခန့်သာ ကျန်ရှိတော့သဖြင့် ထိုကာလအတွင်း ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယကကြီးက ပထမအကြိမ်လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံနှင့်ပြည်သူများအတွက် စေတနာပါပါ သစ္စာရှိရှိဆောင်ရွက်ပေးကြရန် အဖွင့်မိန့်ခွန်းတွင် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းထားသည်။ စတင်ကျင်းပခဲ့သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် အစည်းအဝေးကာလအထိ နေပြည်တော်ရှိ လွှတ်တော်ခန်းမများတွင် ရက်ပေါင်း ၄၂၀ ရက်တိုင်တိုင် တက်ရောက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ထိုရက်များအတွင်း ကြယ်ပွင့်ပြနူတ်ဖြေ၂၂၁၈ ခု၊ ကြယ်ပွင့်ပြစာနှင့်ဖြေ ၂၀၉၀၊ ကြယ်ပွင့်မပြမေးခွန်း ၆၂၇၁ ခု၊ ရုပ်သိမ်းခြင်း ၁၄၄ ခုဖြင့် စုစုပေါင်း မေးမြန်းခြင်းနှင့်ဖြေကြားခြင်း ၁၀၇၂၃ ကြိမ် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် လွှတ်တော်များ၏ တာဝန်ရှိမှု၊ တာဝန်ယူမှုအပိုင်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများက ပြည်သူများသိရှိလက်ခံအောင် ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် လွှတ်တော်နှင့် ဝန်ထမ်းများ၏အတွေ့အကြုံနည်းပါးသည့်ကြားမှ ဥပဒေပေါင်း ၁၈၉ ခုကို ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ယခုနောက်ဆုံးကျင်းပသော (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၄ ခု၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် ဥပဒေကြမ်း တစ်ခု၊ ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း နှစ်ခု၊ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန်ပေးပို့လာသည့် ဥပဒေကြမ်း ၁၆ ခု၊ ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၅ ခု စုစုပေါင်း ဥပဒေ ၃၃ ခုအား တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ပြီးပြတ်အောင် ဆောင်ရွက်ကြတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံအား ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တည်ဆောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လွှတ်တော်ကော်မတီများ၏တာဝန်သည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရာတွင်လည်း လွှတ်တော်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် လွှတ်တော်များ အားကောင်းရန်လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေး၊ အရည်အချင်းပြည့်ဝရန်လိုအပ်သည်။

ယခုဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေသော လွှတ်တော်များသည် အားနည်းချက်များရှိခဲ့သော်လည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။ ယခုဆောင်ရွက်ချက်များသည် ပေါ်ပေါက်လာမည့် ဒုတိယအကြိမ်အတွက် အားသစ်လောင်းပေးခြင်းဖြစ်သည်။ အားသာချက်၊ အားနည်းချက်များကို မျက်ဝါးထင်ထင်မြင်တွေ့ရပြီးဖြစ်၍ ပထမအကြိမ်လွှတ်တော်ထက် ဒုတိယအကြိမ်လွှတ်တော်သည် အရည်အသွေးရော၊ အရည်အချင်းပါ ပိုမိုပြည့်စုံကောင်းမွန်အောင် ကြိုးပမ်းအားထုတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် ပထမအကြိမ်လွှတ်တော်ကြီးက လမ်းခင်းဆောင်ရွက်ပေးနေသည်။ ပထမအကြိမ်လွှတ်တော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာဖြစ်သည့် မဏ္ဍိုင်သုံးရပ်ကြား ထိုက်သင့်သည့် အပြန်အလှန်ထိန်းကျောင်းမှုကို ပြုလုပ်နိုင်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ ဒုတိယအကြိမ်လွှတ်တော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်လာစေရန် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကာ နိုင်ငံတော်ကြီး ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်သန်လျက် အပြုသဘောဖြင့် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## အာဆီယံနှင့် ရုရှားနိုင်ငံအကြား စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရုရှားနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သော ပြန်ပြည့်မြဲစွမ်းအင်နှင့် သန့်ရှင်းသော စွမ်းအင်ဆိုင်ရာ နည်းပညာနယ်ပယ်များတွင် ရုရှားနှင့် အာဆီယံနိုင်ငံများမှ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ ရေရှည်ပူးပေါင်း ဆောင်ရွက်ခြင်းကို တည်ထောင်နိုင်ရန်ရည်ရွယ်၍ ပြန်ပြည့်မြဲစွမ်းအင်နှင့် သန့်ရှင်းသောစွမ်းအင်ဆိုင်ရာ နည်းပညာများ၏ နယ်ပယ်တွင် အာဆီယံနှင့် ရုရှားနိုင်ငံအကြား စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ Legal Framework ၊ မူဝါဒ၊ နည်းဗျူဟာနှင့် လမ်းပြမြေပုံများအား အကောင်အထည်ဖော် ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လောင်စာဆီ လိုအပ်ချက်များကို ဖြည့်တင်းရန် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များသည် ကြီးမားသော အထောက်အပံ့များ ဖြစ်စေမည်ဖြစ်သည်။

ယခုဆွေးနွေးပွဲမှ စွမ်းအင်သန့်ရှင်းမှုဆိုင်ရာ နည်းပညာများနှင့် ပြန်ပြည့်မြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရုရှားနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းမှုဆိုင်ရာ အစီရင်ခံစာများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် နည်းပညာဖလှယ်ခြင်းများကို များစွာဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ၊ အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက ပြန်ပြည့်မြဲစွမ်းအင်နှင့် သန့်ရှင်းသော စွမ်းအင်ဆိုင်ရာ နည်းပညာများနှင့် စပ်လျဉ်း၍ စာတမ်းဖတ်ကြားဆွေးနွေးခဲ့ကြပြီး နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑



## ပလိပ်-တံတားဦးလမ်းအား ထပ်ပိုးလွှာခင်းခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေမှ ပလိပ်-တံတားဦးလမ်း မိုင် (၃/၂-၄/၆) အတွင်း ၁၈ ပေ အကျယ်ချဲ့ခြင်း၊ မူလကတ္တရာလမ်းအား ထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ပလိပ်-တံတားဦးလမ်းအား ငွေကျပ် ၁၆၁ ဒသမ ၅၀ သန်း အကုန်အကျခံကာ တစ်မိုင် လေးဖာလုံ ၁၂ ပေ အကျယ်၊ ကတ္တရာလမ်းအား ၁၈ ပေ အကျယ်ချဲ့ခြင်း၊ မူလကတ္တရာလမ်းအား ထပ်ပိုးလွှာခင်းခြင်း၊ တစ်ဖက် သုံးပေအကျယ် လမ်းပခုံးပြုလုပ်ခြင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပလိပ်-တံတားဦးလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသို့ သွားလာရေး လွယ်ကူအဆင်ပြေစေမည့်အပြင် လယ်ယာထွက်ကုန် ပစ္စည်းများနှင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလျင်မြန်လွယ်ကူလာမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇင်ဝင်းနိုင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်(ရွှေဈေး) - ၇၄၉၈၀၀ - ၇၅၀၈၀၀၊ မန္တလေး(ရွှေဈေး) ၇၄၉၃၀၀ - ၇၅၀၃၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၈၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၂. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၀၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၄၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၈၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၇. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၈၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၂. ၆၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၁. ၄၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မိတ္ထီလာတွင် သီးနှံပင်များပျက်စီးဆုံးရှုံးသည့် ကျေးရွာ ၂၈ ရွာမှ တောင်သူများအား လျော်ကြေးငွေပေးအပ်

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

မိတ္ထီလာတွင် ၅၀၀ ကေဗွီအေ သပြေဝ ( မိတ္ထီလာ )-နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သီးနှံပင်များပျက်စီးဆုံးရှုံးသည့် တောင်သူများအား လျော်ကြေးငွေ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသိုက လျော်ကြေးငွေပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ၅၀၀ ကေဗွီအေ သပြေဝ(မိတ္ထီလာ)-နေပြည်တော် - တောင်ငူ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့သည့် လိန်တော၊ ညောင်ပင်လျှို၊ ရွှေစစ်သည်၊ မွေ့ဆည်အောင်၊ အိုင်ကြီးလည်၊ မုန်တိုင်၊ အလည်ရွာ၊ ဆပ်ပြာကျင်းကျေးရွာအုပ်စု ကိုးအုပ်စု ကျေးရွာပေါင်း ၂၈ ရွာမှ တောင်သူ ၂၇၅ ဦးအား ပျက်စီးဆုံးရှုံးသွားသည့် သီးနှံပင်အမျိုးအစားနှင့် အနည်းအများပမာဏအလိုက် စုစုပေါင်း လျော်ကြေး ငွေကျပ် ၂၆၇၄၉၈၈၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင် ၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) မိတ္ထီလာ မန်နေဂျာရုံး(၂) အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးရွာ)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
# သတင်းထုတ်ပြန်ချက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချုပ်တွင် ဖော်ပြပါရှိသည်နှင့်အညီ ပထမအကြိမ် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"**ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်နှင့် ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက် တို့တွင် ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ **"ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ"**ကို အစိုးရကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သားကိုယ်စားလှယ်ခြောက်ဦး စုစုပေါင်း ၂၆ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | - | ဥက္ကဋ္ဌ |
| (ခ) | စောအိုင်းဇက်ဖိုး | - | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဦးပြည့်စုံ | - | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဦးခင်မောင်စိုး | - | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | - | အဖွဲ့ဝင် |
| (စ) | ဗိုလ်ချုပ်ထွန်းထွန်းနောင် | - | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်ချုပ်အောင်ကျော်ဇော | - | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်ချုပ်မင်းနောင် | - | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်ချုပ်အောင်စိုး | - | အဖွဲ့ဝင် |
| (ည) | ဦးမြင့်စိုး | - | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာမင်းဇော်ဦး | - | အဖွဲ့ဝင် |
| (ဌ) | စောနေစိုးမြ | - | အဖွဲ့ဝင် |
| (ဍ) | စောကျော်သန်းဌေး | - | အဖွဲ့ဝင် |
| (ဎ) | ခွန်အောင်မန်း | - | အဖွဲ့ဝင် |
| (ဏ) | ဦးဆလိုင်းယောအောင် | - | အဖွဲ့ဝင် |
| (တ) | ခိုင်မျိုးချစ် | - | အဖွဲ့ဝင် |
| (ထ) | ဦးဆောင်းဟန် | - | အဖွဲ့ဝင် |
| (ဒ) | စောတာဒိုမူး | - | အဖွဲ့ဝင် |
| (ဓ) | စိုင်းလျန်း | - | အဖွဲ့ဝင် |
| (န) | သိက္ခာတော်ရဆရာတော်စောမက်သယူးအေး | - | အဖွဲ့ဝင် |
| (ပ) | ဦးကိုကိုကြီး | - | အဖွဲ့ဝင် |
| (ဖ) | စိုင်းမျိုးသန့် | - | အဖွဲ့ဝင် |
| (ဗ) | ဦးမောင်မောင်ငြိမ်း | - | အဖွဲ့ဝင် |
| (ဘ) | သူရဦးတင်လှ | - | အဖွဲ့ဝင် |
| (မ) | ဒေါက်တာရွှေခါးရံ | - | အတွင်းရေးမှူး(၁) |
| (ယ) | ဗိုလ်မှူးကြီးဝဏ္ဏအောင် | - | အတွင်းရေးမှူး(၂) |

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**



# လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအတွက် ချီးကျူးဂုဏ်ပြု ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ဆက်လက်တိုးတက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ယိုဟီ ဆာဆာကာဝါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအဖွဲ့ကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားခဲ့ပြီး ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့စီးပွားရေးနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရန်အတွက် ဂျပန်နိုင်ငံမှ အကူအညီပေးနေမှုအခြေအနေနှင့် သီလဝါအထူးစီးပွားရေးဇုန်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးရဲထွဋ်၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ယိုဟီ ဆာဆာကာဝါ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတက်ရှိ ဟီဂူချီလည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# မိုဘိုင်းစနစ်ဖြင့် မီတာခကောက်ခံခြင်းလုပ်ငန်းကို အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်များ၌ပါ လုပ်ဆောင်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် စတင်လုပ်ဆောင်နေသော မော်တော်ယာဉ်ဖြင့် လျှပ်စစ်မီတာခများ ကောက်ခံခြင်းလုပ်ငန်းကို ရန်ကုန်မြို့၏ အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်များ၌ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် Titan Source ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တာမွေမြို့နယ်တွင် ယခုလ ၁၃ ရက်မှစတင်ကာ ကားဖြင့် Mobile Counter ဖွင့်၍ ကွန်ပျူတာစနစ်ဖြင့် မီတာခများကောက်ခံခြင်းကို ရပ်ကွက်များရှိ လမ်းများအတွင်း စုရပ်များပြုလုပ်၍ ကောက်ခံခဲ့ရာ အဆင်ပြေသဖြင့် ရန်ကုန်အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်ရှိ မြို့နယ်များ၌ပါ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း Titan Source ကုမ္ပဏီ၏ Operation Manager ဦးကျော်သူရိန်လင်းက ပြောသည်။

"ကျွန်တော်တို့ ကုမ္ပဏီကနေ လျှပ်စစ်မီးအသုံးများပြီး လူနေများတဲ့ တာမွေမြို့နယ်မှာ ဒီလိုမိုဘိုင်းစနစ်နဲ့ မီတာခကောက်ခံတဲ့လုပ်ငန်းကို လုပ်ချင်ပါတယ်လို့ မြို့နယ်အဆင့်ကနေ အဆင့်ဆင့်တင်ပြခဲ့တယ်။ နောက်ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရဲ့ လမ်းညွှန်ချက်နဲ့အညီ လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေ နေထိုင်တဲ့ အိမ်ပတ်ဝန်းကျင်၊ လမ်းတွေထဲအထိ မီတာခကို မော်တော်ယာဉ်တွေနဲ့ မိုဘိုင်းကောင်တာစနစ်နဲ့ လိုက်လံကောက်ခံခဲ့ပါတယ်။

"အခုလိုကောက်ခံရာမှာ အဆင်ပြေလို့ ရန်ကုန်မြို့ရဲ့ အရှေ့ပိုင်းနဲ့ တောင်ပိုင်းခရိုင်တွေအထိပါ ဆက်လက်တိုးချဲ့လုပ်ဆောင်သွားဖို့ စီစဉ်နေပါတယ်။ နောက်တစ်ခုအနေနဲ့လည်း မီတာခတွေကို မိုဘိုင်းဘဏ်စနစ်အသုံးပြုပြီး ဖုန်းနဲ့ ပေးဆောင်လို့ရတဲ့အထိပါ လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ဦးကျော်သူရိန်လင်းက ပြောသည်။

ထိုသို့ Mobile Counter စနစ်ကို တာမွေမြို့နယ်တွင် စတင်အသုံးပြုခဲ့ခြင်းနှင့် ပတ်သက်၍ ယင်းမြို့နယ်မှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ဆန်းက "ကျွန်တော်တို့မြို့နယ်က ကျယ်လည်းကျယ်တယ်။ အရင်က မီတာခကောက်တဲ့ကောင်တာက ရုံးမှာပဲတစ်ခုရှိတယ်။ နောက်မြို့နယ်ထဲက လျှပ်စစ်သုံးစွဲတဲ့သူတွေ အဆင်ပြေအောင် ကျောက်မြောင်း ကျားကွက်သစ်ဘက်မှာ ကောင်တာအသစ်တစ်ခု ထပ်ဖွင့်ပေးတယ်။ ဒါပေမယ့် သုံးစွဲသူတွေက များလာလို့ အခုလုပ်နေတဲ့ ကုမ္ပဏီကလည်း သူတို့ဒီလိုမိုဘိုင်းကောင်တာစနစ်နဲ့ လုပ်ချင်ပါတယ်ဆိုတော့ အထက်အဆင့်ဆင့်ကို တင်ပြပြီး ခွင့်ပြုလို့ အခုလိုလုပ်ဖြစ်သွားတာပါ။

"အခုလိုစနစ်နဲ့ကောက်တော့ ပြည်သူတွေအနေနဲ့ မီတာလာဆောင်လို့ပေးရတဲ့အချိန်၊ ကားကျပ်တဲ့ဒုက္ခစတာတွေအများကြီး သက်သာသွားပါတယ်။ မီတာဆောင်တဲ့သူတွေအနေနဲ့ သူတို့ပေးရတဲ့ ဝန်ဆောင်ခသုံးရာကျပ်နဲ့ ပြန်ရတဲ့သက်သာမှုက ပိုတော့ ဒီစနစ်က ပြည်သူတွေအတွက် အဆင်ပြေပါတယ်" ဟု တာမွေမြို့နယ်တွင် မိုဘိုင်းမီတာဆောင်သည့်စနစ် စတင်ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ ရှင်းပြသည်။

ထိုသို့ မိုဘိုင်းမီတာစနစ်ကို ရန်ကုန်မြို့ရှိ မြို့နယ်များတွင် ကျင့်သုံးလာနိုင်ရေးနှင့်ပတ်သက်၍ ဗဟန်းမြို့နယ်တွင် နေထိုင်ပြီး SELC အင်္ဂလိပ်စာသင်ကျောင်း ဖွင့်ထားသူ ဦးမင်းနိုင်ထွန်းက "မီတာခကောက်ခံတာကို ကုမ္ပဏီတစ်ခုက၊ အဖွဲ့အစည်းတစ်ခုက တာဝန်ယူကောက်ခံပေးမယ်။ ထိုက်သင့်တဲ့ဝန်ဆောင်ခယူမယ်လို့ ပြောသံတော့ကြားမိတယ်။ ကျွန်တော့်သဘောထားကတော့ မှန်မှန်ကန်ကန်နဲ့ ရေရှည်လုပ်ပေးနိုင်မယ်ဆိုရင် သိပ်ကောင်းပါတယ်။ ကားလမ်းတွေ အလွန်ပိတ်ပြီး တစ်နေရာနဲ့တစ်နေရာ သွားရေးလာရေးမလွယ်တဲ့ အခုလိုအချိန်မျိုးမှာ အိမ်မှာလူပိုမရှိတဲ့သူတွေအဖို့ မီတာဆောင်ရတာကလည်း အချိန်ကုန်တဲ့ အလုပ်တစ်ခုပဲလေ။ ဒီအလုပ်ကို ကိုယ်စားလုပ်ပေးနိုင်တဲ့သူရှိလာမယ်ဆို သိပ်ကောင်းပါတယ်။ ဝန်ဆောင်ခက ကျပ် ၃၀၀လို့ ကြားနေရတယ်။ ဒါလည်း သင့်တင့်တယ်ဆိုတာထက် သက်သာတယ်လို့တောင် ပြောချင်ပါတယ်။ ကိုယ့်ဘာသာ သွားဆောင်မယ်ဆိုရင် ကားခအသွားအပြန် ၂၀၀ လောက်နဲ့ အနည်းဆုံး အချိန်တစ်နာရီလောက် ကုန်နိုင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

**(သီဟသူ)**

# ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို တိုက်ခိုက်ရန် အိုင်အက်စ်တို့စီစဉ်ခဲ့

**အန်ကာရာ နိုဝင်ဘာ ၁၉**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က တူရကီနိုင်ငံ တောင်ပိုင်း အန်တာလျာမြို့တွင် ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကျင်းပနေစဉ်အတွင်း တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း တူရကီမီဒီယာများက ရေးသားဖော်ပြသည်။

နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင်ကျင်းပခဲ့သည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးသို့ အမေရိကန်၊ တရုတ်၊ ရုရှားနှင့် ဂျပန်အပါအဝင် ဂျီ ၂၀ အဖွဲ့ဝင်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ဂျီ ၂၀ ခေါင်းဆောင်များ တည်းခိုနေထိုင်သည့် ဟိုတယ်များကို အသေခံဗုံးခွဲတိုက်ခိုက်ရန် စီစဉ်ခဲ့ကြကြောင်း တူရကီ သတင်းမီဒီယာများက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြကြသည်။ မီဒီယာများက အဆိုပါသတင်းအချက်အလက်များကို တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်ရှိသူများထံမှ ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အိုင်အက်စ်တို့၏ တိုက်ခိုက်မည့်အစီအစဉ်အား အောက်တိုဘာ ၁၀ ရက်က အန်ကာရာမြို့တော် ဗုံးခွဲတိုက်ခိုက်မှုတစ်ခုကို စုံစမ်းစစ်ဆေးစဉ် အီလက်ထရွန်နစ်အချက်အလက်များအား လေ့လာဖော်ထုတ်ရာမှ သတိထားမိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုတွင် အိုင်အက်စ်အဖွဲ့ ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိခဲ့ကြသည်။ ဂျီ ၂၀ ထိပ်သီးအစည်းအဝေးမတိုင်မီ နိုဝင်ဘာ ၆ ရက်တွင် တူရကီလုံခြုံရေးတာဝန်ရှိသူများက အိုင်အက်စ်အဖွဲ့နှင့် အဆက်အသွယ်ရှိသူ လူ ၂၀ ကို အန်တာလျာမြို့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

တူရကီလုံခြုံရေးတာဝန်ရှိသူများက ဂျီ ၂၀ အစည်းအဝေးကျင်းပနေစဉ်အတောအတွင်း ရဲတပ်ဖွဲ့ဝင် ၁၃၀၀၀ ကိုတပ်ဖြန့်ချထားခဲ့ပြီး အစည်းအဝေးကျင်းပသည့်နေရာဝန်းကျင်တွင် မည်သည့်တိုက်ခိုက်မှုမျှဖြစ်ပွားခဲ့ခြင်းမရှိပေ။

**အင်န်အိတ်ချ်ကေ။**







## အေပက်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး တရုတ်သမ္မတ ရှီကျင့်ဖျင်တိုက်တွန်း

**မနီလာ နိုဝင်ဘာ ၁၉**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)၏ အဖွဲ့ဝင် ၂၁နိုင်ငံအနေဖြင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးကျေးဇူးရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ကျင်းပသော (၂၃)ကြိမ်မြောက် အေပက်စီးပွားရေးခေါင်းဆောင်များ၏ အစည်းအဝေးတွင် တရုတ်သမ္မတရှီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာ့စီးပွားရေး တိုးတက်ရေးအတွက် အဓိကမောင်းနှင်အား တည်ရှိရာဒေသဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်ထုတ်မှု၏ ၄၈ ရာခိုင်နှုန်းကို ကိုယ်စားပြုရာဒေသကြီးဖြစ်ကြောင်း ရှီက ပြောကြားသည်။

အေပက်စီးပွားရေးခေါင်းဆောင်များ၏ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ၁၈ရက်တွင် စတင်ကျင်းပခဲ့ရာတွင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

အားလုံးပါဝင်ဆောင်ရွက်နိုင်မည့် စီးပွားရေးကို တည်ဆောက်ခြင်း၊ ပိုမိုတိုးတက်သော ကမ္ဘာကြီးအဖြစ်သို့ တည်ဆောက်ခြင်းဟူသော ဆောင်ပုဒ်ဖြင့် အေပက်စီးပွားရေးခေါင်းဆောင်များ၏ အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

အေပက်ခေါင်းဆောင်များ၏ အစည်းအဝေး အပြင် အေပက်ခေါင်းဆောင်များနှင့် အေပက်စီးပွားရေး အကြံပေးကောင်စီ၏ ကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေးပွဲကိုလည်း ကျင်းပရန် စီစဉ်ထားသည်။

**ဆင်ဟွာ။**

# အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၃၀ ထပ်မံစေလွှတ်ပေးရန် ဂျာမနီဆုံးဖြတ်

ဘာလင် နိုဝင်ဘာ ၁၉

**ဂျာမနီနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၃၀ ထပ်မံစေလွှတ်ပေးမည်ဖြစ်ကြောင်း ဂျာမနီအစိုးရအဖွဲ့က နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။**

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့၏သူပုန်ထမှုကို နှိမ်နင်းနေသော အစိုးရတပ်ဖွဲ့များအား အထောက်အကူပေးရေးကိစ္စနှင့်ပတ်သက်၍ ဂျာမနီအစိုးရအဖွဲ့က အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီးနောက် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ကန်ဒုဇ်မြို့ကို တာလီဘန်အဖွဲ့က စက်တင်ဘာတွင် သိမ်းပိုက်ခဲ့ရာ အမေရိကန်ဦးဆောင်သော စစ်ဘက်ဆိုင်ရာညွန့်ပေါင်းအဖွဲ့က အာဖဂန်နစ္စတန်ဆိုင်ရာ မဟာဗျူဟာပြန်လည်ရေးဆွဲရန် အကြောင်းဖြစ်စေခဲ့သည်။

ပြည်နယ်မြို့တော်ဖြစ်သည့် မြို့ကြီးတစ်မြို့ကို တာလီဘန်အဖွဲ့က သိမ်းပိုက်နိုင်ခြင်းမှာ ၁၄နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး တာလီဘန်အဖွဲ့၏ စစ်ရေးအောင်မြင်မှုအတွက် အာဖဂန်အစိုးရကရော ယင်း၏မဟာမိတ်နိုင်ငံများကိုပါ အံ့အားသင့်မှုဖြစ်ခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အားလုံးနီးပါးကို ရုပ်သိမ်းခဲ့ပြီးဖြစ်သော်လည်း နေတိုးတပ်ဖွဲ့ဝင်အချို့သည် အာဖဂန်တပ်ဖွဲ့များကို လေ့ကျင့်သင်တန်းပေးရန် ယင်းနိုင်ငံ၌ ဆက်လက်ရှိနေကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဂျာမနီတပ်ဖွဲ့ဝင် ၈၅၀ ခန့် ကျန်ရှိနေကြောင်း၊ ယခုအခါဂျာမနီတပ်ဖွဲ့ဝင်ဦးရေကို ၉၈၀ အထိ တိုးမြှင့်ရန် ဆုံးဖြတ်လိုက်ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



## ဗုံးလန့်မှုကြောင့် လေယာဉ်တစ်စင်း ဘူလ်ဂေးရီးယားနိုင်ငံ၌ အရေးပေါ်ဆင်းသက်

**ဆိုဖီယာ နိုဝင်ဘာ ၁၉**

ပိုလန်နိုင်ငံမြို့တော်ဝါဆောမှ အီဂျစ်နိုင်ငံသို့ ပျံသန်းမောင်းနှင်နေစဉ် ဗုံးလန့်မှုတစ်ရပ်ဖြစ်ပွားမှုကြောင့် ခရီးသည် ၁၆၁ ဦးပါလေယာဉ်တစ်စင်းမှာ နိုဝင်ဘာ ၁၉ ရက်က ဘူလ်ဂေးရီးယားနိုင်ငံ ပင်လယ်နက်မြို့တော် ဘာဂတ်စ်၌ အရေးပေါ်ဆင်းသက်မှုပြုလုပ်ခဲ့ရကြောင်း ဘူလ်ဂေးရီးယား အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ပေါ်ပါခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အားလုံးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ပြီး လေယာဉ်ပေါ်တွင် မည်သည့်ဖောက်ခွဲရေးပစ္စည်းမျှ မတွေ့ရှိခဲ့ကြောင်း၊ လေဆိပ်ကို ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း ဘာဂတ်စ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ပြောကြားသည်။ "လေယာဉ်ပေါ်မှာ ဖောက်ခွဲရေးပစ္စည်းတွေရှိတယ်ဆိုတဲ့သတင်းကြောင့် ပိုလန်နိုင်ငံ ဝါဆောမြို့ကနေ အီဂျစ်နိုင်ငံ ဟာဂါဒါမြို့ကို ပျံသန်းနေတဲ့ လေယာဉ်အမှတ်စဉ် LLP8015 အတွက် အရေးပေါ်ဆင်းသက်မှုပြုလုပ်ဖို့ တောင်းဆိုမှုတစ်ခုပြုလုပ်ပြီးတဲ့နောက် လေယာဉ်ဟာ ဘာဂတ်စ်မြို့မှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၈ မိနစ်မှာ ဆင်းသက်ခဲ့ပါတယ်" ဟု သူကဆိုသည်။

ခရီးသည် တစ်ဦးက ဗုံးလန့်မှုမဖြစ်ပွားမီ ၎င်းမှာအရက်သောက်ထားသည်ဟု ဝန်ခံခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ပြောကြားသည်။ အဆိုပါ ဗုံးလန့်မှုဖြစ်ပွားခဲ့သည့် လေယာဉ်ကို ပိုလန်အမျိုးသားလေကြောင်းလိုင်း (LOT) မှ မပိုင်ဆိုင်ကြောင်း၊ အီဂျစ်နိုင်ငံ အပန်းဖြေစခန်းမြို့တော် ဟာဂါဒါသို့ ဦးတည်သွားရောက်သော စင်းလုံးငှားလေယာဉ်တစ်စင်းဖြစ်ကြောင်း LOT မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# ပါရီမြို့တိုက်ခိုက်ခံရမှုအပြီးတွင် တောင်ကိုရီးယားက အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အသုံးစရိတ်တိုးမြှင့်

**ဆိုးလ် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၁၃ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် တောင်ကိုရီးယားအစိုးရက အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း အသုံးစရိတ်ကို ဝမ်ငွေ ဘီလီယံ ၁၀၀ ဝန်းကျင် (အမေရိကန်ဒေါ်လာ ၈၅ သန်း)တိုးမြှင့်သုံးစွဲရန်အစီအစဉ်ရှိကြောင်း နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

လူ ၁၂၉ ဦး သေဆုံးခဲ့ရသည့် ပါရီမြို့မှ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အောက်တိုဘာ ၃၁ ရက်တွင် ရုရှားခရီးသည်တင်လေယာဉ် ပျက်ကျမှုဖြစ်စဉ်တို့မှာ ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာဆီးရီးယားနှင့် အီရတ်တို့တွင် ပြင်သစ်နှင့်ရုရှားတို့၏ လေကြောင်းမှ တိုက်ခိုက်နေခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံသည် အိုင်အက်စ်အဖွဲ့အား စစ်ရေးအရ တိုက်ခိုက်မှုမရှိသော်လည်း အာဏာရပါတီ ဆန်နူရီပါတီ ဥပဒေပြုအမတ်များနှင့် အစိုးရ၏လုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးကာ လာမည့်နှစ်အတွက် အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ အသုံးစရိတ်ကို တိုးမြှင့်ရန် ဆုံးဖြတ်ကြောင်း အာဏာရပါတီက ပြောကြားသည်။

တောင်ကိုရီးယားအစိုးရက ဝမ်ငွေ ၂၉ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော အမြန်ရေယာဉ်ငါးစင်းဝယ်ယူရန်နှင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိသော ဓာတုလက်နက်ဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းအား တိုက်ဖျက်ရန် ဝမ်ငွေဘီလီယံ ၃၀ လျာထားကြောင်း အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် လွှတ်တော်အမတ် လီချောင်ဝူးက သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ။**

# ၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ အာသီယံဥက္ကဋ္ဌရာထူးတာဝန်ယူစဉ် ချမှတ်ခဲ့သောကြေညာစာတမ်းများ

အောင်ကျော်ကျော်




၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးမည့် အာဆီယံအသိုက်အဝန်း တစ်ရပ်ထူထောင်ခြင်းဆိုင်ရာ ကြေညာချက်သည် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် အဓိကကျသည့်အချက်အဖြစ် ပါဝင်မည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၁၈ မှ ၂၂ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသည်။ ယင်းအစည်းအဝေးတက်ရောက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်ကြီးများနှင့် မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံများမှ ခေါင်းဆောင်များသည် အစည်းအဝေးတက်ရောက်ရန် မြို့တော်ကွာလာလမ်ပူသို့ လာရောက်ကြမည်ဖြစ်သည်။

အာဆီယံနိုင်ငံခေါင်းဆောင်များက ၂၀၂၅ ခုနှစ် အာဆီယံမျှော်မှန်းချက်ဆိုင်ရာ ကွာလာလမ်ပူ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက်က ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲအရ သိရသည်။

(၁၈)ကြိမ်မြောက် အာဆီယံ+၃ (ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်)ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ခုနှစ်ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီး အစည်းအဝေးများကို ကျင်းပမည်ဖြစ်သည်။

အာဆီယံ ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ပူးတွဲကြေညာချက်၊ လူမှုဘဝ ပြောင်းလဲမှုမြှင့်တင်ရေးဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရန် ဒေသတွင်းလုပ်ဆောင်ချက်အစီအစဉ်၊ အဆင့်မြင့်ပညာရေးဆိုင်ရာ ကွာလာလမ်ပူကြေညာစာတမ်း၊ အာဆီယံ ၂၀၁၅ အလွန် သဘာဝပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းမှုဆိုင်ရာ ကြေညာစာတမ်းနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များစသည့် အရေးကြီးသော ကြေညာစာတမ်း(၁၈)ချက်ကို အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သည်။

အရှေ့အာရှထိပ်သီးအစည်းအဝေး၏ ကြေညာချက်၊ အာဆီယံ-အမေရိကန် မဟာဗျူဟာမိတ်ဖက် ပူးတွဲကြေညာချက်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း စီးပွားရေးတည်ငြိမ်မှုဆိုင်ရာ အာဆီယံ+၃ ကြေညာချက်၊ အာရှပစိဖိတ်ဒေသတွင်း ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကြေညာချက်များ အပါအဝင် အခြားသော ကြေညာစာတမ်းများကို ယခုကျင်းပမည့်အစည်းအဝေးများတွင် ချမှတ်မည်ဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး အာဆီယံကြေညာစာတမ်းကို လက်မှတ်ရေးထိုးမည့်အခမ်းအနားသို့ အာဆီယံခေါင်းဆောင်များ တက်ရောက်လိမ့်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲအရသိရသည်။

နိုဝင်ဘာ ၂၁-၂၂ ရက် အစည်းအဝေးများတွင် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များက ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လုံခြုံရေး

**ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအပြင် တောင်တရုတ်ပင်လယ်၊ ကိုရီးယားကျွန်းဆွယ်ဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုများ၊ အစွန်းရောက်ဝါဒတိုက်ဖျက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးမည်ဖြစ် . . .**

ဆိုင်ရာ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအပြင် တောင်တရုတ်ပင်လယ်၊ ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်မှုများ၊ အစွန်းရောက်ဝါဒ တိုက်ဖျက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာဆောင်ရွက်ချက်များကို ဆွေးနွေးမည်ဖြစ်သည်။

နိုဝင်ဘာ ၂၀ ရက် အစည်းအဝေးများတွင် (၁၃)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီနှင့် (၁၇)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးများကို ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးများ ကျင်းပပြီးသည့်နောက်တွင် မလေးရှားနိုင်ငံက ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးတာဝန်ကို လာအိုနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ကို စတင်ထမ်းရွက်ခဲ့သည်။ အာဆီယံဥက္ကဋ္ဌရာထူးကို စတင်တာဝန်ယူသည့် အချိန်မှစပြီး (၂၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီလတွင်ကျင်းပခဲ့ပြီး (၄၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (အေအမ်အမ်-၄၈)နှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၁ မှ ၆ ရက်အထိ၊ (၄၇)ကြိမ်မြောက်အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး(အေအီးအမ်-၄၇) နှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂၀-၂၅ ရက်တွင် ကျင်းပခဲ့သည်။

ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော အာဆီယံအသိုက်အဝန်းသည် ကမ္ဘာတစ်ဝန်းတွင် စုစုပေါင်း ဒေသတွင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံသို့ ရောက်ရှိခဲ့ပြီး ကမ္ဘာ့စီးပွားရေးအကြီးဆုံးအဆင့် ခုနစ်တွင်ရှိကြောင်း သိရသည်။



# သမ္မတအိုဘားမားနှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ဆုံ

**မနီလာ နိုဝင်ဘာ ၁၉**

အေပက်အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိနေကြသည့် အမေရိကန်သမ္မတဘာရက် အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် အစည်းအဝေးတက်ရောက်ပြီးနောက် နိုဝင်ဘာ ၁၉ ရက်တွင် သီးခြားတွေ့ဆုံခဲ့ကြောင်း သတင်းများအရသိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးက ပါရီအကြမ်းဖက်တိုက်ခိုက်မှုများ၊ အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်အရေးကိစ္စများ အပါအဝင် ဂျပန်-အမေရိကန် မဟာမိတ်ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ပူးပေါင်းလုပ်ဆောင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲသည် ဧပြီလမှစပြီး ယခုအချိန်ထိ ခေါင်းဆောင်နှစ်ဦးတို့အကြား ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးက အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၏ အကြမ်းဖက်မှုများ ချေမှုန်းရေးဆိုင်ရာလုပ်ဆောင်ချက်များနှင့် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ပြောကြားခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်က ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဂျပန်-အမေရိကန် မဟာမိတ်ဖွဲ့စည်းမှုကိုအခြေခံပြီး ဩစတြေးလျ၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆန္ဒရှိသည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့ တက်ရောက်ကြပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်နှင့် အဖွဲ့ဝင် ဒေါက်တာဇော်မြင့်မောင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု (Extractive Industry Transparency Initiative- EITI) လုပ်ငန်းများကို အစိုးရသစ်လက်ထက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အဖွဲ့ဝင်လောင်းအဖြစ် အချိန်တိုအတွင်းရရှိခဲ့ပြီး တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝတွင်းထွက်သယံဇာတမှီခိုရသည့် နိုင်ငံဖြစ်သည့်အတွက် EITI အစီရင်ခံစာသည် များစွာအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင်

> **◆ မိမိတို့နိုင်ငံသည် သဘာဝတွင်းထွက် သယံဇာတမှီခိုရသည့် နိုင်ငံဖြစ်သည့်အတွက် EITI အစီရင်ခံစာသည် များစွာအရေးကြီး။**
>
> **◆ မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်။**

ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာထုတ်ပြန်နိုင်ရန် စီစဉ်ထားရှိမှု၊ EITI အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှု၊ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနတွင် ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲတစ်ခု တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် MEITI-MSG သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံတွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာအောင် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင်မှ ဦးဆောင်အဖွဲ့ဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီလတွင်မှ လုပ်ငန်းကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ တစ်နှစ်ကျော်ကာလ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင်ပင် EITI အဖွဲ့ဝင်လောင်းဖြစ်ခဲ့ပါကြောင်း၊ အဖွဲ့ဝင်လောင်းဖြစ်ပြီးနောက် တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေးကို ရည်မှန်းချက်ထား၍ အဆင့် ၁၀ ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ အရေးကြီးဆုံးမှာ နယ်ပယ်လေ့လာမှု(Scoping Study)ဖြစ်၍ နိုင်ငံခြားမှ ပညာရှင်အဖွဲ့ကို ကမ္ဘာ့ဘဏ်နှင့် EITI အဖွဲ့ချုပ်တို့ အကူအညီဖြင့် နိုင်ငံတကာတင်ဒါခေါ်ယူပြီး စံနှုန်းများသတ်မှတ်၍ အမှတ်ပေးစနစ်ဖြင့် Moore Stephen အဖွဲ့ကို ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းအကြံပြုချက်အရ ယခုအစီရင်ခံစာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ၁၀၀ ရာခိုင်နှုန်း၊ ကျောက်မျက် ၆၇ ရာခိုင်နှုန်း၊ သတ္တုတွင်း ၅၀ ရာခိုင်နှုန်းတို့ကို ထည့်သွင်းထားပါကြောင်း၊ ယခုလကုန်တွင် အစီရင်ခံစာမူကြမ်းပြီးစီးပြီး နောက်လလယ်တွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ အစီရင်ခံစာကို အချိန်မီတင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ MEITI ညှိနှိုင်းဖော်ဆောင်ရေးမှူး ဒေါက်တာဇော်ဦးက မြန်မာနိုင်ငံ ပထမအကြိမ် EITI အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာနိုင်ငံ EITI အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက တင်ပြချက်များအပေါ် အကြံပြုပြောကြားသည်။**(အောက်ပုံ)** **(သတင်းစဉ်)**



# ရန်ကုန်မြစ်အတွင်း သင်္ဘောကြီးများရပ်နားထွက်ခွာချိန် ရေကြောင်းပြလိုအပ်ချက်အရ တွဲဆွဲရေယာဉ်များဖြင့် နေရာတည့်မတ်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့သည် နိုင်ငံတကာနှင့် ကုန်စည်သွက်လက်မြန်ဆန်စွာ သယ်ယူပို့ဆောင်ပေးနေသော ဆိပ်ကမ်းကြီးများစွာတည်ရှိရာ မြို့ကြီးဖြစ်၍ ရန်ကုန်မြစ်အတွင်းတွင်လည်း နိုင်ငံတကာမှ နိုင်ငံကူးသင်္ဘောကြီး မြောက်မြားစွာတို့ ခုတ်မောင်းကာ ဝင်ထွက်သွားလာလျက်ရှိကြသည်။

ပိုလ်တထောင်ဘုရားကမ်းခြေနှင့် ဒလမြို့ဘက်သမ္ဗတကမ်းခြေအကြား ရန်ကုန်မြစ်ကြောင်းတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီ ရေတက်နေစဉ်က ကုန်သေတ္တာများ တင်ဆောင်ပြီး ဝင်ရောက်လာသော နိုင်ငံကူးသင်္ဘောကြီးများကို ကျောက်ချရပ်နားနိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (Myanmar Port Authority) မှ တွဲဆွဲရေယာဉ် (tug boat) များက ရေကြောင်းပြလိုအပ်ချက်အရ နေရာတည့်မတ် တွန်းပို့ပေးနေသည်ကို တွေ့ရှိရသည်။

"အခုတစ်လော မြစ်အတွင်းနိုင်ငံတကာက သင်္ဘောကြီးတွေ အဝင်/အထွက် များတယ်။ ကျောက်ချရပ်နားမယ့်၊ ပြန်လည်ထွက်ခွာမယ့် သင်္ဘောကြီးတွေကို ဆိပ်ကမ်းက တွန်းရေယာဉ်တွေနဲ့ နေရာချပေးနေတာကိုလည်း အမြဲတွေ့နေရတယ်"ဟု သမ္ဗတကမ်းခြေစက်သမ္ဗန်ဆိပ်ဥက္ကဋ္ဌ ဦးသန်းငြိမ်းက ပြောသည်။

ရန်ကုန်မြစ်ကမ်းတစ်လျှောက်တွင် သန်လျင်မြို့နယ်ရှိ သီလဝါဆိပ်ကမ်းနှင့် ရန်ကုန်ကမ်းခြေရှိ M.P.E ဆိပ်ကမ်း ဇော်ရာ၊ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ဗားကရာနှင့် အေးရှားဝေါလ် စသည့် ဆိပ်ကမ်းကြီးများရှိပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(M.P.A)တွင် နတ်မင်း (မီးသတ်တွဲဆွဲ)နှင့် မာန်အောင် (၃)၊ နတ်သား(၁)၊ နတ်သား(၂)၊ ဟိုင်းကြီး၊ တေဇ၊ ဟေမ၊ ကုန်ဘောင် စသည့်တွဲဆွဲရေယာဉ် (tug boat)များ ရှိကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အငြိမ်းစား ဦးအောင်ရွှေက "သင်္ဘောတွေကို ရေကြောင်းပြလိုအပ်ချက်အရ အဲဒီတွဲဆွဲရေယာဉ် (tug boat) တွေကို အသုံးပြုပြီး တွန်းလှည့်နေရာချထားပေးရပါတယ်။ အဓိက သင်္ဘောကြီးတွေ ကျောက်ချမယ့်၊ ပြန်ထွက်မယ့်အခါမျိုးမှာ ဆောင်ရွက်ပေးရတာပါ" ဟု ပြောပြသည်။

**သန်းဌေး(ဒလ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက **သံတွဲမြို့ ငပလီ-မဇင် လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းလုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့အား ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီအမီ ဖွဲ့စည်းပေးရန်နှင့် ပင်လယ်ပြင်ဝင်ပေါက်များမှ တရားမဝင် ခိုးဝင်ရောက်မှုများအား ကာကွယ်တားဆီးရန် ကင်းလှည့်ရေယာဉ်များပါဝင်သော ရေကြောင်းရဲတပ်ဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းပေးရန်နှင့် စပ်လျဉ်း၍** မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)အား စတင်ဖွင့်လှစ်၍ လေဆိပ်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ပါကြောင်း၊ သံတွဲလေဆိပ်လေယာဉ်ပြေးလမ်း၏ မြောက်ဘက်နှင့် အရှေ့ဘက်တွင် နှစ်နေရာ တပ်မတော်နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များက လေယာဉ်ပြေးလမ်းနှင့် အပြင်စည်းလုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သံတွဲမြို့မှာ လှေစီးခရီးသည်များ တရားမဝင် ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် ရေကြောင်းဝင်ထွက်ပေါက်များကို စောင့်ကြည့်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်လျက်ရှိသော်လည်း မြေနေရာလိုအပ်ခြင်း၊ ဖွဲ့စည်းပုံနှင့်အညီ တပ်ဖွဲ့ဝင်အင်အားနှင့် တိုက်ပွဲဝင်လုပ်ငန်းသုံးရေယာဉ်များ ဖြည့်တင်းပေးနိုင်မှု မရှိခြင်းတို့ကြောင့်


ဒုတိယဝန်ကြီး
ဦးကျော်ကျော်ဝင်း။


ပေါက်မဲဆန္ဒနယ်မှ
ဦးခင်မောင်ညို။

ရေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက **နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အမှန်လိုအပ်နေသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကြား အချင်းချင်း ညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ကိစ္စရပ်များအပေါ် မည်ကဲ့သို့သော ဆောင်ရွက်မှုများ ပြုလုပ်ပေးမည်ကို မေးမြန်းရာ** သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ဦးစီးဌာနမှူးရုံးများ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများ၏ ဖွဲ့စည်းပုံများအား တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ အဆောက်အအုံအတွက် မြေနေရာ လုံလောက်မှုရှိ၊ မရှိ စိစစ်ပြန်ကြားပေးပါရန် ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ခွင့်ပြုချက်ရရှိရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သဘောထားမှတ်ချက်တောင်းခံခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် အစည်းအဝေးတွင် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အစီရင်ခံစာဖတ်ကြားခဲ့ပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း၊ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းတို့ကို လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်း အတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူညီမှုရရှိသဖြင့် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် စကားရပ် အစားထိုးခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ အဆုံး အဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူးက ဥပဒေကြမ်း၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများကို ရှင်းလင်းတင်ပြပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။ **(သတင်းစဉ်)**


အမျိုးသားလွှတ်တော် ဥပဒေကြမ်း
ကော်မတီအတွင်းရေးမှူး
ဒေါက်တာ မြတ်ဉာဏစိုး။

# ၂၀၃၀ ခုနှစ်တွင် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယခုအခါ နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေများတိုးမြှင့်ခွင့်ပြုလျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများမှလည်း အထောက်အပံ့များ တိုးမြှင့်ရရှိလျက်ရှိသည့်အတွက် စနစ်ကျပြီး နိုင်ငံတကာအဆင့်အတန်းနှင့် လိုက်လျောညီထွေရှိသော ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုအတတ်ပညာကို တတ်ကျွမ်းနားလည်ပြီး ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဓိကလိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးစီမံချက်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ခုနှစ်တွင် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး(Universal Health Coverage)ပန်းတိုင်သို့ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို အရိုးရှင်းဆုံးအဓိပ္ပာယ်ဖွင့်ဆိုပါက နိုင်ငံတွင်းနေထိုင်သူတိုင်း ၎င်းတို့လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို လိုအပ်သည့်အချိန်တွင် ငွေကြေးအတွက် ကြောင့်ကြမှုမရှိဘဲ ဝန်ဆောင်မှုများရရှိရန်ဖြစ်ကြောင်း။

ယခုကဲ့သို့ သင်တန်းများကျင်းပပြီး ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း တတ်ကျွမ်းနားလည်သည်အထိ လေ့လာသင်ယူကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးမှူးများ၊ စာရင်းကိုင်များ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကို နိုဝင်ဘာ ၁၉ ရက် မှ ၂၂ ရက်အထိ လေးရက်သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် (၁၄)ကြိမ်မြောက်သင်တန်းဖြစ်ကြောင်းနှင့် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❒အင်းတော်-ဗန်းမောက်မှ**

ဒီတောင်ကြီးကကားလမ်းဘက်ကိုရွှေ့သလို ဖြစ်နေတယ်။ ကားလမ်းကြီးက ဒီရက်သတ္တပတ်အတွင်း သုံးပေခန့် မို့မောက်မြင့်တက်သွားတယ်။ ကားလမ်းတစ်ခုလုံးအင်းဘက်ကို ရွှေ့သွားပါပြီ။ ခုတောင်ပြိုတဲ့နေရာမှာလည်း ရေတွေထွက်နေပါတယ်။ သက်ဆိုင်ရာက လာရောက်စစ်ဆေးပေးဖို့လိုနေပြီ”ဟု သက္ကယ်ကျင်းရွာမှ ဦးအောင်ကြည်က ပြောသည်။

အင်းတော်မြို့နယ် မန်ဖာကျေးရွာအနီးကို ဗဟိုပြုသော ပြင်းအား ၄ ဒသမ ၅ရှိ ငလျင်တစ်ခု အောက်တိုဘာ ၁၁ရက်က လှုပ်ခတ်ခဲ့ကြောင်းလည်း သိရသည်။

**(မောင်ချစ်လင်း)**

**❂မန္တလေးဆိပ်ကမ်းမှ**

အကောက်ခန်းတွင် တစ်ရက်လျှင် ရေယာဉ် အစုန်/အဆန် ပျမ်းမျှအစင်းရေ ခြောက်ဆယ်ခန့် ဖြတ်သန်းသွားနေပြီး မန္တလေးရေလမ်းအကောက်ခန်းကို စစ်ကိုင်း(အင်းဝတံတား)အောက်တွင် သဘော်တစ်စင်းနှင့် စက်လှေတစ်စင်း အသုံးပြု၍ ကောက်ခံသွားမည်ဖြစ်သည်။

ကောက်ခံသည့် နှုန်းများအနေဖြင့် ၃၉ ပေအောက် ရေယာဉ်များအား တစ်တန်လျှင် ငွေကျပ် ၂၀၀၊ ၃၉ ပေ အထက် ရေယာဉ်များအား တန် ၁၀၀ အထိ တစ်တန်လျှင် ငွေကျပ် ၅၀ နှင့် သစ်လုံးတစ်လုံးလျှင် ငွေကျပ် ၃၀၊ မျောတိုင်တစ်ချောင်း ငါးကျပ်၊ ရိုးရိုးဝါးတစ်လုံး နှစ်ကျပ်ခွဲနှုန်းဖြင့် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မဟာသကျရံသီရပ်တော်မူ ရုပ်ပွားတော်ဌာပနာသွင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား တန်ဆောင်မုန်းလပြည့်အခါသမယတွင် ကျင်းပမည်

သတင်းဆောင်ပါး - ရှင်မင်း
ဓာတ်ပုံ - ဖိုးသန့်



ဖြူလွှလွှ တိမ်စိုင်တိမ်ခဲများက ရှမ်းရိုးမတောင်တန်းကြီးများကို တစ်စွန်းတစ်စ ဖုံးလွှမ်းနေပြီး ရှမ်းရိုးမကို တိမ်စိုင်များက လွှမ်းခြုံထားသကဲ့သို့ သဘာဝအလှ ရှုမျှော်ခင်းကို မဟာသကျရံသီ ရပ်တော်မူ ရုပ်ပွားတော်တည်ရှိသည့် ဖိုးဇောင်းတောင် အောင်မောဦတောင်ညွန့်မှ မြင်တွေ့ရသည်။

မဟာသကျရံသီ ရပ်တော်မူ ရုပ်ပွားတော်၏ ရင်ပြင်တစ်ခုလုံးမှသည် နေပြည်တော်နယ်မြေတစ်ခွင်ကို ကောင်းစွာမြင်တွေ့ရပြီး ကြည်ညိုဖွယ်ရာ ဥပ္ပါတသန္တိစေတီတော်၊ ရေဆင်းဆည်၊ ဝန်ကြီးရုံးများ၊ ဟိုတယ်ဇုန်များနှင့် စိမ်းစိုသောတောင်တန်းများ လိုက်ဖက်စွာတည်ရှိနေသည့် သဘာဝအလှ ပန်းချီကားချပ်သဖွယ် ဖြစ်နေသည်။

မဟာသကျရံသီ ရပ်တော်မူရုပ်ပွားတော်ကြီးကို ကဿပမြတ်စွာဘုရားပုံစံတူ ထုလုပ်ထားခြင်းဖြစ်ပြီး မဟာသကျရံသီရုပ်ပွားတော်ကြီး၏ မျက်နှာစာ တောင်ဘက်မုခ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်ကပင် တောင်ညွန့်၌ တည်ရှိခဲ့သည့် ပညောင်ပင်ကြီးကို ရုပ်ပွားတော်နှင့်အတူ ပန်းတင့်စွာ တွေ့မြင်ရသည်။ မင်းကွန်းတိပိဋက ဆရာတော်ကြီး ရေးသားပြုစုသော မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယအပိုင်း)တွင် ဖော်ပြပါရှိသော ကဿပမြတ်စွာဘုရားရှင်၏ ဗောဓိပင်မှာ ပညောင်ပင်ဖြစ်ကြောင်းလည်း သိရှိရသည့်အတွက် ပိုမိုကြည်ညိုခဲ့ရသည်။

လာမည့် နိုဝင်ဘာ ၂၆ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာသကျရံသီရပ်တော်မူရုပ်ပွားတော်၏ ဥဏ္ဏာလုံခေါ် မွေးရှင်တော်မြတ်စီသွင်းပူဇော်ခြင်း၊ ဌာပနာတော်သွင်း၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓဘိသေကအနေကဇာတင် မဟာမင်္ဂလာကို ကျင်းပတော့မည်ဖြစ်သည်။

ဌာပနာတော်သွင်းနှင့် အနေကဇာတင် မဟာမင်္ဂလာပြုလုပ်တော့မည့် ရုပ်ပွားတော်ကြီးထုလုပ်ခဲ့မှုအစကို လေ့လာရသော် အမရပူရကျောက်တော်ကြီးဘုရား၊ မန္တလေးကျောက်တော်ကြီးဘုရား၊ လောကသရဖူအင်းဝကျောက်တော်ကြီးဘုရားနှင့် အဘယလာဘမုနိ ကျောက်တော်ကြီးဘုရားများကဲ့သို့ စကျင်ရွာ၊ စကျင်ကျောက်တောင်မှ ထွက်သော စကျင်ကျောက်ဖြင့် ထုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုပ်ပွားတော် ထုလုပ်သည့် မူလစကျင်ကျောက်တုံးသည် အလျားပေ ၅၀၊ လုံးပတ် ၂၅ ပေနှင့် အမြင့် ၁၅ ပေရှိပြီး ခန့်မှန်းတန်ချိန် ၇၀၀ ခန့်ရှိရာ ယခုခန့်မှန်းတန်ချိန် ၁၀၀ ခန့်ရှိသော ဉာဏ်တော် ၃၂ပေ၊ အောက်ခံကြာပလ္လင်အမြင့် သုံးပေကျော်၊ အရှည်အမြစ် နှစ်ပေကျော်နှင့် နောက်ခံ စကျင်ကျောက်တံကဲ တစ်ပေ တစ်လက်မဒုဖြင့် ထုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ထုလုပ်ခဲ့ရာတွင် စကျင်ကျောက်အမျိုးအစားသည် ထုံးကျောက်အစိုင်အခဲများမှ အသွင်ပြောင်းဖြစ်ပေါ်လာခြင်းဖြစ်သည့်အတွက် ရွှံ့စေး၊ သံအောက်ဆိုက်နှင့် အကြွင်းမဲ့ဓာတ်ပစ္စည်းများ ပါဝင်တတ်ခြင်း၊ ထုဆစ်သောအခါ ကျောက်သားမျက်နှာပြင်အတွင်း ရေစိမ့်ဝင်ပါက အက်ကြောင်းဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် အဆင့်ဆင့်အနုစိတ်ဆောင်ရွက်ခဲ့ရသည်။

ပထမဦးစွာ ကျောက်ဆစ်ပညာရှင်က မျက်နှာတော်၊ လက်တော်၊ ဒူးတော်ပုံကြမ်းတို့ကို ထုလုပ်ခဲ့ပြီး စကျင်တောင်မှ နေပြည်တော်သို့ ပင့်ဆောင်ကာ ပုဂံလက်ရာ အာနန္ဒာဘုရားပုံတူ အနုစိတ်အချော ရုပ်ပွားတော်ကို ကွန်ပျူတာဖြင့် ထိန်းချုပ်ပုံဖော်သည့်စနစ် (CNC-Computer Numerical Control) ဖြင့် ပုံတူထုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဆင်းတုတော် မထုလုပ်ခင်က မူရင်းကျောက်တော်ကြီးဟာ တန် ၇၀၀ ခန့်ရှိပါတယ်။ ဒါကြောင့် ဆင်းတုတော်အကြမ်းထုလုပ်မယ့် ကျောက်တော်အရွယ်ပမာဏ၊ အလေးချိန်ကို သေချာဆောင်ရွက်ရပါတယ်။ ကျောက်သားဟာ ဖြူစင်သန့်ရှင်းပြီး အက်ကြောင်းကင်းတဲ့ ကျောက်သားကောင်းဖြစ်ပါတယ်။ ပြီးတော့ တစ်တုံးတည်းသော စကျင်ကျောက်ကြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပုဂံခေတ်အာနန္ဒာလက်ရာ ပုံစံတစ်ထပ်တည်းကျဖို့ အဆင့်ဆင့်လုပ်ဆောင်ခဲ့ရပါတယ်။ အဆင့်ဆင့် လုပ်ဆောင်နေရင်း အထိအခိုက်ရှိမှာစိုးတဲ့အတွက် ဂရုပြုလုပ်ဆောင်ခဲ့ရပါတယ်"ဟု ရုပ်ပွားတော် ထုလုပ်ပူဇော်မှုတွင် ပါဝင်ခဲ့သည့် ACE Group of Company မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မိုးဝင်းက ပြောပြသည်။

ရုပ်ပွားတော်ကြီးကို စကျင်ရွာမှ စတင်ပင့်ဆောင်ပူဇော်စဉ်ကပင် စကျင်ကျေးရွာမှ ရွာသူရွာသားများက အစပြုကာ နေပြည်တော်သို့ သယ်ဆောင်ရာ လမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြဖြင့် ဖူးမြော်ကြည်ညိုခဲ့ကြပြီး ကုသိုလ်ပြုပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ သယ်ဆောင်ရာလမ်းတစ်လျှောက်တွင်လည်း ဘုရားဖူးပြည်သူများဖြင့် စည်စည်ကားကား တွေ့မြင်ခဲ့ရကြောင်း နေပြည်တော်ကောင်စီဝင် ဦးကံချွန်က ပြောပြသည်။

**"အနုအာနန္ဒာ၊ ထုဓမ္မရံ၊ ဉာဏ်သဗ္ဗညု၊ တန်ခိုးရွှေစည်းခုံ"**ဟု ဆိုသည့်အတိုင်းပင် လက်ရာမြောက်သော၊ အနုစိတ်သော ဘုရားစေတီအဖြစ် ပုဂံတွင် ထင်ရှားသော အာနန္ဒာစေတီတော်ရှိ တောင်ဘက်မျက်နှာ အာရုံခံမုခ်ရှိ မီးခြင်းမခံရသော အပူဇော်ခံ ကဿပမြတ်စွာဘုရားရှင်၏ ပုံတော်ကို ရင်ငွေ့လှုံကာ မဟာသကျရံသီ ရပ်တော်မူရုပ်ပွားတော်ကို ထပ်တူထပ်မျှ တူညီစွာဖြင့် ထုလုပ်ပူဇော်ခဲ့ခြင်းဖြစ်သည်။

ပုဂံအာနန္ဒာလိုဏ်တော်အတွင်းရှိ ကဿပဘုရားရှင်၏ အရွယ်တူ၊ ပုံစံတူ ရပ်တော်မူရုပ်ပွားတော်အတိုင်း ထပ်ထူထပ်မျှဖြစ်စေရန် ထုလုပ်ခဲ့ခြင်းဖြစ်ပြီး မူလလက်ရာအတိုင်းပင် အနီးမှဖူးလျှင် တည်ကြည်ဟန်၊ အလယ်မှဖူးလျှင် ပြုံးနေဟန်၊ အဝေးမှဖူးလျှင် ကြည်လင်ဝင်းပပြုံးနေဟန် စသည့် ခံစားမှုများကိုလည်း တွေ့ရှိခံစားရမည်ဖြစ်သည်။

ထို့အပြင် ကျက်သရေတင့်တယ်ခြင်း၊ သန့်စင်ခြင်း၊ တာရှည်ခံခြင်း၊ အေးမြခြင်းနှင့် အပူဒဏ်ခံနိုင်ခြင်း စသည့် စကျင်ကျောက်၏ ဂုဏ်သတ္တိများနှင့်ထုလုပ်ပူဇော်ထားသည့် မဟာသကျရံသီရပ်တော်မူရုပ်ပွားတော်သည် ဖူးမြော်သူအပေါင်းအတွက် ဖြူစင်သန့်ရှင်းမှု၊ ကြည်လင်းအေးမြမှုနှင့် စိတ်အေးချမ်းမှုတို့ကို ရရှိခံစားစေနိုင်မည်ဖြစ်ပေသည်။

ရုပ်ပွားတော်၏ မဟာသကျရံသီဟူသည့် ဘွဲ့တော်နာမကို "သကျ"ဟူသော သာကီနွယ်ဝင်ဖွား၊ "ရံသီ" ဟူသော အဆင်းအရောင်ဆိုသည့် အဓိပ္ပာယ်ဖြင့် ဩဝါဒဆရာတော် ဘဒ္ဒန္တသဒ္ဓိယ ရွှေသုဝဏ်ဆရာတော်ကိုယ်တိုင် ရွေးချယ်ပေးခဲ့သည်။

မူလ ထိပ်ဝအကျယ်ပေ ၈၀ ပတ်လည်နှင့် ပေ ၆၀ အနက်ရှိသော အောင်မောဦတောင်ညွန့်ပေါ်၌ ရင်ပြင်အကျယ် ပေ ၁၅၀ ပတ်လည်ရရှိစေရန် Steel သံပေါင်များဖြင့် ထောက်ကန်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်စေရန်နှင့် လေတိုက်နှုန်းခံနိုင်စေရန်အတွက်လည်း စီမံတည်ဆောက်ထားရှိသည်။

ရုပ်ပွားတော် တည်ဆောက်ရေးကာလသည် စုစုပေါင်း ၄၈၁ ရက် ကြာမြင့်ခဲ့ကာ စုစုပေါင်းကုန်ကျငွေမှာ ခန့်မှန်းငွေကျပ်သန်း ၄၃၀၀ ဖြစ်ကြောင်း သိရှိရပြီး အနန္တရာယိက မြေသန့်မင်္ဂလာ၊ ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားများလည်း ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။

ထို့အတူ ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တာ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် လာမည့် နိုဝင်ဘာ ၂၆ ရက် တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာကို ကျင်းပတော့မည်ဖြစ်ရာ မဟာသကျရံသီရပ်တော်မူ ရုပ်ပွားတော်မြတ်တည်ရှိရာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင်၏ အောင်မောဦတောင်ညွန့်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကုသိုလ်ယူနိုင်ကြစေရန် သိရှိသမျှ မျှဝေအပ်ပါသည်။ ။

## ကျောင်းစောင့်၏ကြိုတင်ကြံစည်မှုဖြင့် ကျောင်းအုပ်ဆရာမကြီး လုယက်ခံရ

**တောင်ငူ နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီခန့်က ကျောင်းအုပ်ဆရာမကြီး တစ်ဦးက ဘူတာသို့ ဆိုင်ကယ်ဖြင့် လိုက်ပို့ခိုင်းစဉ် ဆိုင်ကယ်စီးသည့် လူတစ်စုက လက်ဆွဲအိတ်အား လုယူသွားသည့် အမှုကို တောင်ငူမြို့မ ရဲစခန်းက ရက်ပိုင်းအတွင်း ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တောင်ငူမြို့ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၂) အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းသည် ကျောင်းစောင့်ဖြစ်သော ကျော်သူဝင်း(၂၄)နှစ်အား ဘူတာသို့ဆိုင်ကယ်ဖြင့် လိုက်ပို့ခိုင်းခဲ့ရာ အမှတ်(၁၈)ရပ်ကွက် ဘူတာလမ်းအရောက် နောက်မှအမည်မသိသူများ စီးနင်းလာသည့် ဆိုင်ကယ်က ရှေ့သို့ကျော်တက်ပြီး ဆရာမကြီး၏ လက်တွင် ကိုင်ဆောင်ထားသော သားရေလက်ဆွဲအိတ်အား လုယူထွက်ပြေးသွားခဲ့သည်။ သားရေအိတ်အတွင်း၌ စိန်လော့ကက်သီးတစ်ခု ငွေကျပ်သုံးသိန်း၊ ကျပ်သုံးသိန်းတန် ဟန်းဆက်တစ်လုံး ပါသွားခဲ့သည်။



အဆိုပါအမှုဖြစ်စဉ်အား မြို့မစခန်းမှူးနှင့် အဖွဲ့များက စုံစမ်းခဲ့ရာ တောင်ငူမြို့ (၁၆)ရပ်ကွက် ပွဲစားလမ်းရှိ ယွန်းရွှေစင်ရွှေဆိုင်သို့ နိုဝင်ဘာ ၁၈ ရက် ည ၁၁ နာရီခန့်က စိန်လော့ကက်သီးအား လာရောက် ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးဖမ်းဆီးနိုင်ခဲ့သည်။

ရောင်းချသူ စိုးဝင်းအောင်(ခ)ဒါလေး၏ ထွက်ဆိုချက်အရ အခင်းဖြစ်ညက သူငယ်ချင်းများနှင့်အတူ ကျူးလွန်ခဲ့ပြီး ကျောင်းစောင့်ဖြစ်သော ကျော်သူဝင်းက ကြိုတင်ကြံစည်ကာ အကွက်ချ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အဌမနေ့ပွဲစဉ်ဖွင့်

**မန္တလေး နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် Shwe Mann Taung Golf Resort မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အဌမပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထက်မြန်မာပြည်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် Shwe Mann Taung Golf Resort မှ ဒါရိုက်တာဦးတင်ကိုကို၊ Shwe Mann Taung Golf Resort မှ ဒါရိုက်တာဦးထွန်းထွန်းလင်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲတွင် Professional အဆင့် ၃၄ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၁၀၅ ဦး၊ အပျော်တမ်းအဆင့်အမျိုးသမီး ၂၆ ဦး စုစုပေါင်းအားကစားသမား ၁၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**(ဖိုးသော်ဇင်)**

# မြန်မာနိုင်ငံမှ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုအစီရင်ခံစာကို မကြာမီတင်သွင်းမည်

မေး၊ ရေး - ထက်ဦးသျှမ်
ဓာတ်ပုံ - တင်ထွန်းအောင်

မြန်မာနိုင်ငံ၏ ပထမအကြိမ် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု(Extractive Industry Transparency Initiative-EITI)အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ယခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**ဒေါက်တာမောင်မောင်သိမ်း**
**MEITI-MSG သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ**

တွင်းထွက်သယံဇာတတွေနဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိဖို့အတွက် EITI ဆိုပြီး ကမ္ဘာမှာဆောင်ရွက်လှုပ်ရှားနေမှုတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် သယံဇာတပေါများတဲ့နိုင်ငံမှာ သယံဇာတပေါပေမယ့် တချို့နိုင်ငံတွေက ဆင်းရဲနေပါတယ်။ ဆင်းရဲတဲ့ အကြောင်းအရင်းကို စီးပွားရေးပညာရှင်တွေက ရှာတဲ့အခါ ဘာသွားတွေ့သလဲဆိုတော့ ဒီသယံဇာတကရတဲ့ ဝင်ငွေတွေကို အလွဲသုံးစားလုပ်တာတွေ သွားတွေ့ပါတယ်။

သူတို့အခေါ်ကတော့ သယံဇာတကျိန်စာလို့သုံးပါတယ်။ ကျိန်စာသင့်တာ ဆင်းရဲတာကို သွားတွေ့တော့ အဲဒါတွေ ပပျောက်အောင် ကမ္ဘာ့နိုင်ငံတွေက EIDI လှုပ်ရှားမှုဆိုတာလုပ်ပါတယ်။ အဖွဲ့ချုပ်ထောင်တယ်။ အဲဒီမှာ အသင်းဝင်ဖြစ်ဖို့ လုပ်ကြပါတယ်။

အသင်းဝင်ဖြစ်ဖို့အတွက်ကို နိုင်ငံတိုင်းမပေးပါဘူး။ သတ်မှတ်ထားတဲ့ အဆင့်အတန်းနဲ့ စံနှုန်းတွေညီတော့မှ အသင်းဝင်အဖြစ်ပေးပါတယ်။ ဒါလုပ်ရင် ဘာကောင်းလဲဆိုတော့ နံပါတ်တစ်အချက်က သယံဇာတကရတဲ့ ငွေကြေးတွေ၊ ဝင်ငွေတွေကို အလွဲသုံးစားလုပ်လို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းကနေပြီး ဘယ်လောက်ရတယ်ဆိုတာဖော်ပြရပါတယ်။ ရတဲ့ဝင်ငွေကို ဘယ်မှာသုံးတယ်ဆိုတာကို ဖော်ပြရတဲ့အတွက်ကြောင့် ပြည်သူတွေအနေနဲ့ သံသယရှင်းပါတယ်။ မသမာတဲ့ အစိုးရတွေဆိုရင် မလုပ်ရဲဘူး။ မှန်မှန်ကန်ကန်လုပ်တဲ့အစိုးရတွေသာ ဖော်ပြရဲပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ EITI ကို ၂၀၁၂ ခုနှစ် ၁၂ လပိုင်းမှာ ဦးဆောင်ကော်မတီဆိုပြီးဖွဲ့ပါတယ်။ ၂၀၁၃ လေးလပိုင်းမှာလုပ်ငန်းကော်မတီကိုဖွဲ့ပါတယ်။ အဲဒီမှာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပါတယ်။ လုပ်ငန်းကော်မတီအနေနဲ့ မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်ဖြစ်ရေးဆိုတဲ့ ရည်မှန်းချက်နဲ့ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ EITI အဖွဲ့ဝင်အဖြစ် တန်းပေးတာမဟုတ်ဘူး။ ပထမအဆင့် EITI အဖွဲ့ဝင်ဖြစ်ဖို့ အဖွဲ့ဝင်လောင်းဖြစ်အောင် အရင်ကြိုးစားရတယ်။ အဖွဲ့ဝင်လောင်းဖြစ်ပြီးတော့မှ တစ်ခါအဖွဲ့ဝင်ဖြစ်ဖို့ ဒုတိယအနေနဲ့ ကြိုးစားရပါတယ်။ အဲဒီထဲကမှ မြန်မာနိုင်ငံအဖွဲ့ဝင်လောင်းဖြစ်ဖို့ကို ပထမအဆင့်အနေနဲ့ထားပြီးလုပ်ပါတယ်။ လုပ်တဲ့နေရာမှာ အဆင့်တွေ အများကြီးရှိပါတယ်။ MEITI-MSG သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ကို ဖွဲ့ရပါတယ်။ အဲဒီအဖွဲ့မှာဘယ်သူတွေ ပါလဲဆိုတော့ အစိုးရပါတယ်။ လူမှုအဖွဲ့အစည်းတွေ၊ တွင်းထွက်သယံဇာတလုပ်ငန်းတွေကို လုပ်နေတဲ့ကုမ္ပဏီတွေလည်း ပါတယ်။

အဲဒါကလည်းတော်တော်လေးခက်ခက်ခဲခဲလုပ်ယူရပါတယ်။ ဒီအဖွဲ့ဖြစ်လာတော့မှ အစီရင်ခံစာတစ်ခုကိုလည်းတင်ရပါတယ်။ အဲဒီအစီရင်ခံစာကိုလည်း ကြိုးစားပြီးလုပ်တော့မှ မြန်မာနိုင်ငံကို အဖွဲ့ဝင်လောင်းအနေနဲ့ ခွင့်ပြုလိုက်ပါတယ်။ ၂၀၁၄ ခုနှစ် ၇ လပိုင်း ၂ ရက်မှာ အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်နဲ့ သတ်မှတ်လိုက်ပါတယ်။

စတင်ကြိုးပမ်းတဲ့ တစ်နှစ်ကျော်ကာလအတွင်းမှာ အဖွဲ့ဝင်လောင်းအဖြစ်ရခဲ့ပါတယ်။ အဲဒါရတော့ ကမ္ဘာ့နိုင်ငံတွေကဂုဏ်ယူကြပါတယ်။ အမေရိကန်ပြည်ထောင်စုဆိုရင် မြန်မာနိုင်ငံထက် နှစ်လ၊ သုံးလစောပြီး အဖွဲ့ဝင်လောင်းဖြစ်သွားပါတယ်။ ယူနိုက်တက်ကင်းဒန်းနိုင်ငံဆိုလည်း မြန်မာနိုင်ငံထက်စောပြီးလုပ်ပေမယ့် မြန်မာပြည်ရဲ့နောက်မှ ဖြစ်သွားပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းတို့ကလည်း EITI အဖွဲ့ဝင်လောင်းဖြစ်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

ဒုတိယအဆင့် Report တင်ရပါတယ်။ မြန်မာပြည်ကတစ်နှစ်ကျော်အတွင်းမှာ တင်ဖို့အတွက်ကို ကြိုးစားရပါတယ်။ အစည်းအဝေးတွေကို အကြိမ်ကြိမ်ခေါ်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ရပါတယ်။ ဆပ်ကော်မတီတွေဖွဲ့ရပါတယ်။ အဖွဲ့ဝင်ဖြစ်ဖို့ကို လုပ်ငန်းစဉ်တွေ ချမှတ်ရပါတယ်။ ဘယ်အချိန်မှာ ဘာလုပ်မယ်ကို သတ်မှတ်ပြီးမှလုပ်ရပါတယ်။

လုပ်ငန်းတွေဆောင်ရွက်ရာမှာလည်း ကျွမ်းကျင်ပညာရှင်တွေကို ငှားတဲ့အခါမှာလည်း ထင်သာမြင်သာရှိအောင်ဆိုပြီး နိုင်ငံတကာတင်ဒါခေါ်ရပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ EITI အဖွဲ့ကလည်းကူညီပေးပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရပိုင်းရော၊ ကုမ္ပဏီရော၊ အရပ်ဘက်ပိုင်းရော ဝိုင်းပြီး ကူညီပံ့ပိုးပေးပါတယ်။ သုံးပွင့်ဆိုင်ဝိုင်းလုပ်ကြပါတယ်။

မြန်မာပြည်ရဲ့ Report ထဲမှာ ဘာထည့်မလဲဆိုတာကို ဆုံးဖြတ်ကြပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်းထည့်လိုက်ပါတယ်။ အဓိကကတော့သူပါပဲ။ ဒါ့အပြင် ကျောက်မျက်ရတနာကိုလည်း ၆၇ ရာခိုင်နှုန်းနဲ့ သတ္တုတွင်းကိုလည်း ၅၀ ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ Report ရေးဖို့လုပ်ပါတယ်။

Report အချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းတိုင်ပင်ပြီး တစ်ဆင့်ပြီးတစ်ဆင့်သွားတဲ့နည်းဗျူဟာကိုမသုံးဘဲ အချိန်မရတဲ့အတွက် တစ်ပြိုင်နက်တည်းလုပ်တဲ့နည်းဗျူဟာကိုသုံးပါတယ်။ တစ်ပြိုင်နက်တည်းမှာသုံး၊လေး၊ငါးခုကို လုပ်လိုက်ပါတယ်။ နဂိုတုန်းက ပညာရှင်ကတင်ပြတော့ ဒီဇင်ဘာလကုန်လောက်မှာ ပြီးမယ်ဆိုတော့ သိပ်စိတ်မချရပါဘူး။ ဒါကြောင့်ဗျူဟာကို နည်းနည်းပြောင်းလုပ်လိုက်ပါတယ်။ အခြေအနေပိုကောင်းလာပါတယ်။ ဒီလကုန်လို့ရှိရင် အစီရင်ခံစာမူကြမ်းထွက်လာပါ့မယ်။ ဒါကို ဒီဇင်ဘာလအလယ်မှာ အတည်ပြုပြီးလေ့လာစမ်းသပ်မှုတွေ ပြုပြီးရင်တော့ တင်နိုင်ဖို့ ကြိုးစားနေပါတယ်။



ဒေါက်တာဇော်ဦး
နိုင်ငံတော်သမ္မတ၏
စီးပွားရေးအကြံပေးပညာရှင်။



ဒေါက်တာမောင်မောင်သိမ်း
MEITI-MSG
သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ။

**ဒေါက်တာဇော်ဦး**
**နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပညာရှင်**

EITI လုပ်ငန်းစဉ်ကို နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေးပညာရှင်အနေနဲ့ တတ်စွမ်းသမျှအကြံပြုပြီး ကိုယ်တိုင်ကိုယ်ကျ ဝိုင်းဝန်းဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးရှုထောင့်ကနေကြည့်ပါက EITI လုပ်ငန်းစဉ်ဟာ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းတွေထဲမှာ နိုင်ငံတကာကအသိအမှတ်ပြုတဲ့အပြင် အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါတယ်။ အခုအရပ်ထဲမှာပြောနေကြတဲ့ စီးပွားရေးပြဿနာတော်တော်များများက ဆင်းရဲမှုရှိနေတဲ့ကိစ္စ၊ လာဘ်ပေးလာဘ်ယူမှုကိစ္စ၊ တချို့နေရာတွေမှာ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးမှုမဖြစ်တဲ့ကိစ္စတွေ တော်တော်များများဟာ အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံလိုသဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံတွေမှာလည်း ဒီလိုပြဿနာတွေနဲ့ ကြုံတွေ့ရလေ့ရှိပါတယ်။

ဒါကြောင့် EITI ဆိုတဲ့ကိစ္စဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်ကနေပြီး ယခုလို သဘာဝအရင်းအမြစ်ပေါကြွယ်ဝတဲ့ နိုင်ငံတွေမှာ တိုင်းပြည်ချမ်းသာပေမယ့် ပြည်သူလူထုအတွက် အကျိုးမဖြစ်တဲ့ သဘာဝအရင်းအမြစ် တူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေကို ဘယ်လိုပြုပြင်ပြောင်းလဲရမလဲဆိုတာကို ချပြဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့်လည်း သမ္မတကြီးဦးဆောင်ပြီး နိုင်ငံတော်အစိုးရရဲ့ အကြီးအကဲတွေကနေ ဦးဆောင်ပြီး ဒါကိုဆက်လုပ်တဲ့အတွက်ကြောင့် အခုလို အောင်မြင်မှုရတယ်လို့ပြောရပါတယ်။ တခြားနိုင်ငံတွေရဲ့ ဖြစ်စဉ်တွေနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ဒီအစိုးရသက်တမ်းတစ်ခုအတွင်းမှာပဲ EITI ကို ပထမဆုံးအစီရင်ခံစာလာမယ့် ဇန်နဝါရီလမှာ ထုတ်နိုင်တဲ့အထိဆောင်ရွက်ခဲ့ပါတယ်။ ဒါအမြန်ဆုံး ဆောင်ရွက်နိုင်တဲ့နိုင်ငံတွေထဲက နိုင်ငံတစ်ခုလို့ ပြောလို့ရပါတယ်။

ဒုတိယအချက်အနေနဲ့ သဘာဝအရင်းအမြစ် ပေါကြွယ်ဝတဲ့ နိုင်ငံတွေမှာ သဘာဝအရင်းအမြစ်ကျိန်စာသင့်တဲ့ကိစ္စလို့ ပြောလေ့ရှိပါတယ်။ အဲဒါကိုကုစားတဲ့ နည်းလမ်းကလည်း နည်းတွေအမျိုးမျိုးရှိကြပေမယ့်လည်း EITI က နိုင်ငံတကာ အသိအမှတ်ပြုလမ်းစဉ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကိုစနစ်တကျနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့တာကိုက နိုင်ငံရဲ့အဓိကပြဿနာတွေ ဖြေရှင်းတဲ့နေရာမှာ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းသွားရုံတင်မကဘဲ ရေရှည်လုပ်သွားနိုင်မယ့် အခြေခံအုတ်မြစ်ကောင်းအောင်လည်း တည်ဆောက်နိုင်ခဲ့တယ်လို့ပြောလို့ရပါတယ်။

နောက်တစ်ချက်အနေနဲ့ အရေးကြီးတဲ့ သဘာဝအရင်းအမြစ်ကဏ္ဍဟာ နိုင်ငံရဲ့ လာမယ့်အနာဂတ်မှာလည်း တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် အရေးပါနေဦးမှာ ဖြစ်ပါတယ်။ ဒီလိုအရေးပါတဲ့ကဏ္ဍကြီးမှာ တခြားသက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ပြီးတော့ ဒီကဏ္ဍကြီးကို တိုးတက်အောင် ဘယ်လိုလုပ်မလဲဆိုတာက အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာဆိုရင် များသောအားဖြင့် တချို့သော အယူအဆတွေ မတူကြရင် ပွတ်တိုက်မှုတွေဖြစ်ပြီးတော့ ပဋိပက္ခတွေလည်း ဖြစ်ခဲ့တဲ့ အတွေ့အကြုံတွေလည်းရှိတယ်ဆိုတော့ အစိုးရနဲ့ပြည်သူကြားမှာ နားလည်မှုရှိရှိနဲ့ အားလုံးပူးပေါင်းဆောင်ရွက်နိုင်တဲ့ လုပ်ငန်းဖြစ်စဉ် အတွေ့အကြုံကောင်းတွေကို တည်ဆောက်နိုင်တယ်ဆိုတာကလည်း အင်မတန်အရေးကြီးတဲ့ ရလဒ်တစ်ခုလို့ ပြောလို့ရပါတယ်။

တခြားသဘာဝအရင်းအမြစ်တွေနဲ့ ပတ်သက်ပြီး အရပ်ဘက် ပြည်သူတွေကြားမှာ ပဋိပက္ခတွေ ဖြစ်ကြပါတယ်။ အရပ်ဘက်နဲ့အစိုးရကြားမှာ နားလည်မှုတွေ လွဲကြပါတယ်။ ကျွန်တော်တို့ရဲ့ EITI လုပ်ငန်းစဉ်မှာကိုက အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ အစိုးရရဲ့ကိုယ်စားလှယ်တွေ၊ ပုဂ္ဂလိကကဏ္ဍရဲ့ ကိုယ်စားလှယ်တွေအားလုံးကို စုစုစည်းစည်းနဲ့ စားပွဲဝိုင်းတစ်ခုမှာထိုင်ပြီးတော့ ရှိသမျှပြဿနာတော်တော်များများကို ပြေပြေလည်လည်နဲ့ နိုင်ငံတကာစံအတိုင်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကလည်း အင်မတန်မှကောင်းမွန်တဲ့ အတွေ့အကြုံကောင်းလို့ ထင်ပါတယ်။ အဲဒီအတွေ့အကြုံကောင်းတွေက နောင်လာမယ့်သဘာဝအရင်းအမြစ်တွေ တူးဖော်ထုတ်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာအခြေခံစံတွေနဲ့ ဆက်ပြီးတော့ ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

နောက်ဆုံးအနေနဲ့ အစီရင်ခံစာဆိုတဲ့ကိစ္စက ပြည်တွင်းကအစိုးရကရေးတာလည်း မဟုတ်ပါဘူး။ နောက်ပြီးတော့ သုံးပွင့်ဆိုင်အဖွဲ့လို့ခေါ်တဲ့ ပြည်တွင်းက ပါဝင်ကြတဲ့သူတွေရဲ့ အစီရင်ခံစာလည်းဖြစ်လို့မရပါဘူး။ အဓိကကတော့ နိုင်ငံတကာက အသိအမှတ်ပြုပြီးသားစာရင်းစစ်အဖွဲ့တွေရဲ့ အစီရင်ခံစာဖြစ်ပါတယ်။

အထူးသဖြင့် တိုက်ဆိုင်စစ်ဆေးတဲ့ စာရင်းစစ်အဖွဲ့တစ်ခုကနေပြီး စနစ်တကျ စစ်ဆေးတိုက်ဆိုင်ပြီးတော့မှ သူတို့ဘက်က ကျေနပ်လောက်တဲ့ တွေ့ရှိချက်တွေအပေါ် အခြေခံပြီးအစီရင်ခံစာထုတ်တာပါ။ အခုနောက်ဆုံးသိရတဲ့ အနေအထားအရဆိုရင် ဒီအစီရင်ခံစာရဲ့ ပြီးစီးအောင်မြင်မှုဟာ အင်မတန်အားရစရာကောင်းတယ်လို့ သိရပါတယ်။

ဒီအစီရင်ခံစာ ထွက်လာမယ်ဆိုရင်လည်း ဒါကလက်ရှိတာဝန်ယူ ဆောင်ရွက်နေတဲ့ အစိုးရတစ်ရပ်မှာ အခုပြည်သူတွေပြောနေတဲ့ကိစ္စ၊ အထူးသဖြင့် ဘတ်ဂျက်ကိစ္စတွေ၊ ဘတ်ဂျက်မှာပွင့်လင်းမြင်သာမှုရှိဖို့ဆိုတဲ့ကိစ္စတွေ၊ အထူးသဖြင့် သုံးငွေနဲ့ပတ်သက်ပြီး တော်တော်ပြောကြပါတယ်။

အဓိကက ဝင်ငွေပိုင်းမှာ စီမံခန့်ခွဲမှုကိစ္စကလည်း အင်မတန်အရေးကြီးပါတယ်။ ဝင်ငွေများများဝင်မှ ဝင်သမျှလည်း အစိုးရက အလေအလွင့်မရှိဘဲ တကယ့်ဘဏ္ဍာတိုက်ထဲကို ဝင်အောင်လုပ်နိုင်မှသာ သုံးငွေဆိုတဲ့ဟာလည်းရှိလာမှာဖြစ်ပါတယ်။ ဒီဝင်ငွေတွေကို စနစ်တကျနဲ့ ပွင့်လင်းမြင်သာမှုရှိအောင် စီမံခန့်ခွဲတဲ့လုပ်ငန်းကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးလည်း နိုင်ငံတကာ အသိအမှတ်ပြုစာရင်းစစ်အဖွဲ့ကလည်း ဝင်ငွေတွေရဲ့ အနည်းဆုံး ၇၀ ရာခိုင်နှုန်းလောက်ကို တိုက်ဆိုင်စစ်ဆေးပြီး အသိအမှတ်ပြုတဲ့ မှတ်ကျောက်က တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တစ်ခုလို့ ပြောလို့ရပါတယ်။

ဒီအစီရင်ခံစာမှာပဲ ပြည်သူ့ဘတ်ဂျက်ကို ဘယ်လိုစီမံခန့်ခွဲမလဲ၊ ဘတ်ဂျက်စီမံခန့်ခွဲမှုမှာ ပွင့်လင်းမြင်သာအောင် ဘယ်လိုဆောင်ရွက်မလဲ၊ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အခန်းကဏ္ဍကို ဘယ်လိုပိုကောင်းအောင် လုပ်မလဲဆိုတဲ့ အချက်တွေ ပါလာမှာဖြစ်တဲ့အတွက် နောင်ဆက်လုပ်ရမယ့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအတွက်လည်း အရေးကြီးတဲ့အထောက်အကူဖြစ်တဲ့ အခြေခံကောင်းတွေဖြစ်လာမယ်လို့ ထင်ပါတယ်။ ဒါတွေအားလုံးက EITI ဆောင်ရွက်ခြင်းအားဖြင့် တခြားနိုင်ငံမှာလည်း ဒီလိုအကျိုးကျေးဇူးတွေ ရကြပါတယ်။

ဒါကြောင့် ဒီ EITI ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ပြဿနာဖြစ်နေတဲ့ နိုင်ငံတွေတင်မဟုတ်ဘူး။ ပြဿနာမရှိတဲ့ နိုင်ငံကြီးတွေကပါ အမေရိကန်နဲ့ ဗြိတိန်တို့ကပါ ပါဝင်ဆောင်ရွက်လာတာဖြစ်တဲ့အတွက်ကြောင့် ဒါလည်းကမ္ဘာ့စံတစ်ခု ဖြစ်လာပါတယ်။ ကမ္ဘာ့စံတွေထဲမှာ ကျွန်တော်တို့နိုင်ငံ ပါဝင်ခွင့်ရလာတယ်ဆိုတာကိုက အင်မတန်ကောင်းနေပြီလို့ ပြောလို့ရပါတယ်။ EITI မှာ နိုင်ငံပေါင်း ၅၀ ကျော်ရှိပြီး ကျွန်တော်တို့နိုင်ငံက ၄၅ နိုင်ငံမြောက်ဖြစ်ပါတယ်။ ဒီနှစ်နောက်ဆုံးဝင်တာနဲ့ထည့်ပေါင်းမယ်ဆိုရင် ကျွန်တော်တို့ နောက်မှာ ၁၀ နိုင်ငံလောက်ရှိလာမယ်လို့ ပြောလို့ရပါတယ်။

**ကျောဖုံးမှ**

ပြည်တွင်းအခြေစိုက် MPT နှင့် ရတနာပုံတယ်လီပို့စ်များနှင့်အတူ နော်ဝေအခြေစိုက်တယ်လီနောနှင့် ကာတာအခြေစိုက်အော်ရီဒူးကုမ္ပဏီများမှ 3G မိုဘိုင်းကွန်ရက်များအတွက် ၁၅ နှစ်လိုင်စင်ရခဲ့ကြပြီးနောက်ပိုင်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုလျင်မြန်လာခဲ့ကြောင်း၊ ပထမငါးနှစ်ကာလအတွင်း ယင်းပြည်ပ မိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီနှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၂၂ ဘီလီယံရောက်ရှိမည်ဟု မျှော်လင့်ရကြောင်းကို စတော့ပွဲစား ဗျူးဖို့ဒ်စီကျူရိတီစ်က ဆိုထားသည်ဟု အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သောငါးနှစ်က MPT ဆင်းကတ်တစ်ခုကို ဒေါ်လာ ၂၀၀၀ ကျော်ပေးဝယ်ခဲ့ရသော်လည်း ယခုအခါ ၁ ဒသမ ၅၀ ဒေါ်လာသာရှိတော့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံးဆက်သွယ်ရေးကဏ္ဍ၌ 3G နှင့် 4G ထိုးဖောက်လွှမ်းခြုံနိုင်မှုကို ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရရှိအောင် ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးလာခြင်းနှင့်အတူ မြန်မာနိုင်ငံတွင် ပထမဦးဆုံး မြန်မာဘာသာအသုံးပြုသော လူမှုကွန်ရက် MyChat ကို တည်ထောင်သည့် MySquare အတွက်လည်း ပို၍အဆင်ပြေလာမှာဖြစ်ကြောင်း၊ အမေရိကန်က အရေးယူပိတ်ဆို့မှုများကို အပြီးပိုင်ဖယ်ရှားလိုက်မည်ဆိုပါက မြန်မာနိုင်ငံသည် ကြီးမားသည့်အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိလာမည်ဖြစ်ပြီး ထိုအခြေအနေသို့ ရောက်ရှိသွားပါက ဝင်ငွေနည်းပါးသော မြန်မာပြည်သူအများစုအတွက် အကျိုးကျေးဇူးများစွာရရှိကြလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားသည်။ **(ဝရဇိန်)**

# စာဆိုတော်နေ့ မမေ့သည်သာ

တက္ကသိုလ်တင်ခ

ပထမဆုံးအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ဒုတိယကမ္ဘာစစ်အတွင်း(ဝါ)ဂျပန်ခေတ်အတွင်းဖြစ်သည့် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့(၁၉၄၄ နိုဝင်ဘာ ၁၅ ရက်နေ့)တွင် ကျင်းပခဲ့သည်။

**ပထမဆုံးစာဆိုတော်နေ့**

နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ၁၃၀၆ ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။

ပထမဆုံးအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲအဖြစ် မြန်မာနိုင်ငံအရပ်ရပ်တွင် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဝိဇယပြဇာတ်ကို တင်ဆက်ကပြခဲ့ကြသည်။ အောင်မြင်ကျော်ကြားလူသိများခဲ့ပါသည်။ ဤသို့အောင်မြင်ခဲ့၍ နောင်တွင် စာဆိုတော်နေ့ကျရောက်တိုင်း စာရေးဆရာများ ဇာတ်စင်ပေါ်တက်ပြီး ကပြခဲ့ကြသည်ကို တွေ့ရှိခဲ့ကြပါသည်။

ဒုတိယအကြိမ် စာဆိုတော်နေ့ကျင်းပသည်တွင်
အမတ်ကြီး ဦးပေါ်ဦး (၁၃၀၇။ ၅၊ ၁၂၊ ၄၅)
တတိယအကြိမ်တွင် ဝိဇယပြဇာတ်ပြန်ကကြသည်။
(၁၃၀၈။ ၁၊ ၁၂၊ ၄၆)
စတုတ္ထအကြိမ်တွင် မြဝတီမင်းကြီးဦးစ၊ အနန္တသူရိယနှင့်
ခုံတော်မောင်ကျဘမ်း(၁၃၁၀။ ၁၊ ၁၂၊ ၄၈)
ပဉ္စမအကြိမ်တွင် ဝေသာလီပြဇာတ်(၁၃၁၀။ ၁၊ ၁၂၊ ၄၈)
ဆဋ္ဌမအကြိမ်တွင် ဝန်ဇင်းမင်းရာဇာ(၁၃၁၀။ ၂၀၊ ၁၁၊ ၄၉)
သတ္တမအကြိမ်တွင် နတ်သျှင်နောင်(၁၃၁၂။ ၁၀၊ ၁၂၊ ၅၀)
အဋ္ဌမအကြိမ်တွင် ဝန်ဇင်းမင်းရာဇာ(၁၃၁၃။ ၁၊ ၁၂၊ ၅၁)
နဝမအကြိမ်တွင် တောင်သမန်လယ်စားမောင်ဖေငယ်
(၁၃၁၄။ ၁၇၊ ၁၂၊ ၅၂)
ဒသမအကြိမ်တွင် လှိုင်ထိပ်ခေါင်တင်(၁၃၁၅။ ၇၊ ၁၂၊ ၅၃)
ဧကာဒသမအကြိမ်တွင် စလေဦးပုည(၁၃၁၆။ ၂၆၊ ၁၁၊ ၅၄)
ဒွါဒသမအကြိမ်တွင် လက်ဝဲသုန္ဒရ (၁၃၁၇။ ၁၅၊ ၁၂၊ ၅၅)တို့ဖြစ်သည်။

စာဆိုတော်ပြဇာတ်ကပြခြင်းတွင် ရည်ရွယ်ချက်ရှိပါသည်။ ရှေးစာဆိုကြီးများ၏လက်ရာနှင့် ဂုဏ်ပုဒ်ကိုပြကြသည်။ ပြဇာတ်ကပြသည့် ခေတ်ကာလကို သွယ်ဝိုက်ဝေဖန်သည်။ အဓိပ္ပာယ်မှာ စာပေသဘော၊ နိုင်ငံရေးသဘော ပါရှိသည်။ အကျိုးလည်းအတော်ရှိခဲ့ပေသည်။

> စာရေးဆရာများသည် ကိုယ်ရေးချင်သည်များကို ရေး၍ ကိုယ်ပြောချင်သည်ကိုပြောနေ၍မဖြစ်နိုင်ပေ။ ကိုယ်ရေးသည့်အရေး၊ ကိုယ်ပြောသည့် အပြောမှာ ပြည်သူ၏ဘဝနှင့် သင့်တင့်လိုက်ဖက်ရမည်ဖြစ်သည်။ စာဆိုတော် နေ့ရက်များတွင်သာ စာပေအကြောင်းဟောပြောခြင်းဖြင့် တင်းတိမ်မနေဘဲ စာဖတ်ပရိသတ်ပြည်သူနှင့် မပြတ်ထိတွေ့နေရပေမည်။ ယုံကြည်မျှော်လင့်ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆတင်ပြလို....

ပထမဆုံးကပြသည့် ပြဇာတ်ဆိုလျှင် ဖက်ဆစ်စနစ်ကို လူထုသိမြင်စေသည်။ မျိုးချစ်စိတ်ဓာတ်တက်ကြွစေသည်။ ထို့အတူပင် နောင်တင်ဆက်သော ပြဇာတ်များတွင် နိုင်ငံရေးရည်ရွယ်ချက်အပြည့်ပါရှိကြသည်။

၁၃၁၈ ခု(၁၉၅၆၊ ဒီဇင်ဘာ ၃ ရက်) တွင်ကျင်းပသော (၁၃)ကြိမ်မြောက် စာဆိုတော်နေ့တွင် ပြဇာတ်ကြီးတစ်ခု ကပြခြင်းမပြုတော့ဘဲ စာဆိုတော်ပွဲသဘင်ပညာပြုလုပ်ခဲ့သည်။ (၁၄)ကြိမ်မြောက် စာဆိုတော်နေ့တွင်လည်း ထို့အတူပင်ဖြစ်သည်။ ပြဇာတ် မကဖြစ်ချေ။

စာဆိုတော်နေ့အထိမ်းအမှတ်ဖြင့် ကျင်းပခဲ့သည့်အစဉ်အလာများတွင် ညဘက်၌ ပြဇာတ်ကပြကြပြီး စာဆိုတော်နေ့နံနက်တွင် အခမ်းအနားတစ်ခု ကျင်းပခြင်းရှိတတ်သည်။ ယင်းအခမ်းအနားတွင် စာရေးဆရာကြီးများအား ကန်တော့ကြကာ စာပေအကြောင်း ဟောပြောပွဲပြုလုပ်ခဲ့ကြသည်။ စာရေးဆရာများ ပါဝင်ဆင်နွှဲခဲ့ကြပေသည်။

မြန်မာစာပေလောက၏ စာပေမီးရှူးတန်ဆောင်တို့အကြောင်းကိုလည်း ဤရာသီ၌ ပြန်ပြောင်းသတိရစရာရှိပါသည်။ "လောကကိုကောင်းကျိုးပြုရာတွင် တစ်ယောက်နှစ်ယောက်ပြုလုပ်၍မကောင်း၊ အများပြုလုပ်မှ ကောင်းသည်" ဟူ၍ဆိုခဲ့သော ယောအတွင်းဝန်ဦးဖိုးလှိုင်၊ "ပြေအမှုပေမို့"ဟူ၍ ဒွေးချိုးဖြင့် ဟစ်ကြွေးသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အာဘော်၊ "ပြည်ကြီးဘာယာ၏စာဆိုသဘော" ဟူသော ဆရာဇော်ဂျီ၏ ဆောင်းပါး၊ အညာသရုပ်ကိုဖွဲ့သော ဆရာရန်အောင်၏စာများ၊ "မိဘမဲ့ကလေးများ"ဆောင်းပါးကိုရေးသော ဆရာကြီးဇေယျ၊ "ပြည်သူကြားမှာ အမှန်ရှာ" စသည်တို့ဖြင့် ရေးစရာတွေ တင်ပြခဲ့သော ဆရာသိန်းဖေမြင့်၊ "ဘာလဲဟဲ့ လောကဓံ" ဟူ၍ ဘဝကို ရင်ဆိုင်နိုင်ရန် အားပေးခဲ့သော ဦးထွန်းလှ၊ တက်ကျမ်းများဖြင့် တွန်းအားပေးခဲ့သော ဆရာကြီးပီမိုးနင်း၊ မျိုးချစ်စိတ်အားမာန်ကို စေ့ဆော်ခဲ့သောဆရာကြီးမဟာဆွေ၊ "ပုဂံရာဇဝင်ကို တုတ်ထမ်းမပြောဘဲ တူရွင်းထမ်းပြောကြပါ" ဟု မိန့်မှာခဲ့ပြီး မြန်မာစာကို ခေတ်မီတက္ကသိုလ်အဆင့်သို့ အမှန်စတင်ပေးခဲ့သော ဆရာကြီးဖေမောင်တင် စသူစသူတို့ကို အမှတ်ထင်ထင် တွေးမြင်နေမိပါသည်။

ဆရာသုခ၏ မှတ်စုများ၊ ဆရာမင်းသုဝဏ်၏ "အောက်ငုံ့တောလား"၊ ဆရာတက်တိုး၏ "အရမ်းဘာသာ မပြန်နဲ့"၊ ဆရာဒေါက်တာလှဘေ၏"မြန်မာစာပေ ညွှန့်ခံစာတမ်းများ"၊ "ငဘ"ကိုမွေးထုတ်သူ ဆရာမောင်ထင်၏ "အာဒိကပ္ပ"ဟူသော အဖိုးတန် စာစုခေါင်းစဉ်အချို့တို့ကိုလည်း ပြန်ပြောင်းထင်မြင်မှတ်မိရသည်။

စစ်ကြိုခေတ်က ပဲရော့ဦးဆန်နီတို့လို စာကြည့်တိုက်များကို စာအုပ်လှူ၍ အားပေးထူထောင်သူ၊ ပခုက္ကူ ဦးအုံးဖေတို့လို စာပေဆုရန်ပုံငွေအလှူပြုသူတို့၏ ကျေးဇူးကိုလည်း အမှတ်ထင်ထင်ဖြစ်ရပြန်သည်။ ထိုပုဂ္ဂိုလ်အစုစုတို့၏ ဖွဲ့ဆိုမှု၊ ရေးသားမှု၊ လှူဒါန်းမှုတို့သည် ပျောက်ပျက်သွားစရာအကြောင်းမရှိ။ "သီရိထုံသင်း၊ မြက်ကံတင်းဝယ်၊ ပောင်းမြင်းရှည်လျား၊ ခြောက်အောင်ထားလည်း၊ စကားရွှေပွင့်၊ နံ့မလွင့်သို့. . ."ဟူသော ရှင်မဟာရဋ္ဌသာရ၏ စာချိုးကဲ့သို့ မွှေးပျံ့နေမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုလျှင် "ဤစာဆိုမှ ငါ့ကိုလူများ၊ ကြည်ညိုပွားအံ့" ဟူသော စိတ်ထားမျိုးဖြင့် လုပ်ဆောင်ခဲ့ကြခြင်းမဟုတ်သော ကြောင့်ဖြစ်ပေသည်။ မျိုးဆက်သစ်တို့ အတုယူစရာဖြစ်ပါလိမ့်မည်။

သို့ရာတွင် ၁၃၁၂ ခုနှစ်(၁၉၅၀၊ ဒီဇင်ဘာ ၁၀ ရက်)တွင်ကား စာဆိုတော်နေ့ပွဲသဘင်ကို အမျိုးသားစာပေနေ့ကြီးတစ်နေ့အဖြစ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်ကို တွေ့ရသည့် ပထမဆုံးအကြိမ်အဖြစ် စာဆိုတော်နေ့ လူမှုအစည်းအဝေးကြီး ကျင်းပခြင်းဖြစ်သည်။ ယင်းစာဆိုတော်နေ့လူထုအစည်းအဝေးသို့ စာပေမွေ့လျော်သူများအပြင် ကျောင်းသားသမဂ္ဂ၊ ဈေးသမဂ္ဂ၊ စာကြည့်တိုက်များ စသည့်လူထုအဖွဲ့အစည်းများတက်ရောက်ကြသည့် စာပေ



နှင့် ရင်းနှီးစွာဆက်ဆံရေး အခန်းသစ်ပွင့်ခြင်းပင်ဖြစ်သည်။

"ဘာကြောင့်စာဆိုတော်နေ့မှာ လူထုအစည်းအဝေးကြီးဖိတ်ခေါ်ကာ ကျင်းပရသလဲဆိုတာကို အနည်းငယ်ရှင်းပြချင်ပါတယ်။ ရှင်းမပြခင် စာဆိုတော်နေ့ဟာ စာပေရေးသားသီကုံးသူတွေ၊ စာပေမွေ့လျော်သူတွေနဲ့သာ သက်ဆိုင်တဲ့နေ့မဟုတ်ပါဘူး။ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ အမျိုးသားပွဲတော်ကို တော်လှန်ရေးနေ့လိုပဲ တစ်မျိုးသားလုံးပါဝင်တဲ့နေ့ဖြစ်ပါတယ်" ဟု စာရေးဆရာအသင်းဥက္ကဋ္ဌ(ဒဂုန်တာရာ)က စာဆိုတော်နေ့ လူထုအစည်းအဝေးကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သို့သော် နောင်နှစ်များတွင် စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းများသည် ပြဇာတ်ကပြခြင်းအောက်တွင် မြုပ်လိုက်ပေါ်လိုက်ရှိခဲ့ပြန်သည်။ စာပေဟောပြောပွဲများ၊ စာပေဆွေးနွေးပွဲများကို ထိထိရောက်ရောက်ကျင်းပခြင်းမရှိခဲ့ချေ။ နယ်များတွင်လည်း ထိုနည်းအတူ စာပေလှုပ်ရှားမှုကို လူထုနှင့်ပေါင်းစပ်ပေးနိုင်ခြင်းမရှိခဲ့ပေ။

၁၉၅၆-၅၇ ခုနှစ်နောက်ပိုင်းတွင်ကား စာရေးဆရာနှင့် စာပေအဖွဲ့အစည်းများကွဲပြားပေါ်ပေါက်လာပြီး မကောင်းကျိုးများရှိသလို ကောင်းကျိုးများလည်းရှိခဲ့ပေသည်။ အရေးကြီးသည်မှာ ပြည်သူလူထု၏လှုပ်ရှားမှုနှင့် တစ်သားတည်းရှိနေဖို့လိုသည်။ စာပေဦးတည်ချက်မှန်ကန်ဖို့လိုပေသည်။

စာရေးဆရာများသည် ကိုယ်ရေးချင်သည်များကိုရေး၍ ကိုယ်ပြောချင်သည်ကိုပြောနေ၍မဖြစ်နိုင်ပေ။ ကိုယ်ရေးသည့်အရေး၊ ကိုယ်ပြောသည့် အပြောမှာ ပြည်သူ၏ဘဝနှင့် သင့်တင့်လိုက်ဖက်ရမည်ဖြစ်သည်။ စာဆိုတော်နေ့ရက်များတွင်သာ စာပေအကြောင်းဟောပြောခြင်းဖြင့် တင်းတိမ်မနေဘဲ စာဖတ်ပရိသတ်ပြည်သူနှင့်မပြတ် ထိတွေ့နေရပေမည်။ ယုံကြည်မျှော်လင့်ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆတင်ပြလိုပေသည်။ စာဆိုတော်နေ့မမေ့သည်သာ အစဉ်အလာဟု ပြန်လည်အမှတ်ရတင်ပြလိုပေသည်။ ။

## စိုက်ပျိုးရာသီရောက်ရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာ

**ဆိပ်ဖြူ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ပြည်သူများသည် စိုက်ပျိုးရေးကိုအခြေခံ၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ဆောင်းတွင်းကာလတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကိုင်းမြေစိုက်ပျိုးသည့် တောင်သူများသည် သီတင်းကျွတ်



လပြည့်ကျော်မှစတင်ကာ စိုက်ပျိုးမြေပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခင်နှစ်များက မိုးရွာသွန်းမှုနည်းပါးကာ ကိုင်းမြေများတွင် ဧရာဝတီမြစ်ရေ လျှံတက်မှုမရှိခြင်းကြောင့် စိုက်ပျိုးမြေများတွင် ရေသွင်းစိုက်ပျိုးမှုများပြုလုပ်ခဲ့ရပြီး မြေသြဇာများအား သွင်းအားစုအနေဖြင့် ထည့်သွင်းကာ စိုက်ပျိုးရသည်။ ယခုနှစ်တွင် မြစ်ရေနှစ်ကြိမ်တက်ခဲ့၍ ရေသွင်းစိုက်ပျိုးစရိတ်နှင့် မြေသြဇာသွင်းအားစု လျော့ကျလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဆောင်ရွက်ပြီးအခြေအနေမှာ စိုက်ပျိုးမြေအား ထွန်စက်များဖြင့် ထယ်ထိုးခြင်းနှင့် မြေလုံးခြေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး စိုက်ပျိုးနိုင်ရန် နွားရှဉ်းများဖြင့် ဆက်လက် မြေပြင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထွန်စက်ဖြင့် မြေပြင်ခမှာ တစ်နာရီလျှင် ကျပ်တစ်သောင်းခုနစ်ထောင်မှ နှစ်သောင်းအထိ စက်အမျိုးအစားလိုက်ကာ ဝန်ဆောင်စရိတ်ပေးဆောင်ရပြီး နွားရှဉ်းအငှားလိုက်သူများအနေဖြင့် တစ်မနက်အငှားလိုက်ခ တစ်ရှဉ်းလျှင် ကျပ်ငါးထောင်ရရှိသည်။ သူရင်းငှားအမျိုးသားတစ်ဦးလျှင် တစ်နေ့လုပ်အားခ ကျပ်ငါးထောင်ရရှိပြီး အမျိုးသမီး သူရင်းငှားများမှာ တစ်နေ့လုပ်အားခ ကျပ်နှစ်ထောင့်ငါးရာရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (IPRD)**

## ချင်းတွင်းမြစ်သွားရေယာဉ်များ ညအိပ်ရပ်နားစခန်းနေရာသတ်မှတ်

**မုံရွာ နိုဝင်ဘာ ၁၉**

ချင်းတွင်းမြစ်သွား ခရီးသည်တင်ရေယာဉ်များကို ညအိပ်စခန်းများသတ်မှတ်လိုက်သော်လည်း ကုန်တင်ရေယာဉ်များမှာ ထွက်ခွာချိန်မတူသဖြင့် ညအိပ်စခန်းသတ်မှတ်ရန် တိုင်ပင်နေဆဲဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ကြောင်းသွား ခရီးသည်များနှင့် အမြန်ရေယာဉ်များ အန္တရာယ်ကင်းဝေးရေး မြစ်အတွင်း ညဘက်ခုတ်မောင်းခြင်းမပြုရန် ညအိပ်ရပ်နားစခန်းနှစ်နေရာကို နိုဝင်ဘာ ၁၅ ရက်မှစ၍သတ်မှတ်ရပ်နားစေခဲ့ကြောင်း သိရသည်။ မုံရွာမြို့မှ ချင်းတွင်းမြစ်အထက်ပိုင်း မြို့ရွာများသို့ နံနက် ၄ နာရီခွဲထွက် ရေယာဉ်များကို ညအိပ်စခန်းအဖြစ် ဖောင်းပြင်မြို့နယ် သငါရွာတွင်လည်းကောင်း၊ မွန်းလွဲ ၁နာရီထွက်ရေယာဉ်များကို ကလေးဝမြို့တွင်လည်းကောင်း ညအိပ်ရပ်နားကြရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ဆောင်းတွင်းပိုင်း မြူထူသော ကာလတွင် နှင်းကွဲမီးထိုးမောင်းကြရရာ ညပိုင်းအန္တရာယ်များလှသည့်အတွက် လုံးဝမထွက်ရတော့ခြင်းဖြစ်ကြောင်း သိရသည်။ မုံရွာမြို့အခြေစိုက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်း မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးမြို့တို့သို့ပြေးဆွဲနေသော ခရီးသည်တင် အမြန်ရေယာဉ်အသင်း ကိုးသင်းမှ ၁၂၅ စင်း၊ ကုန်တင်ရေယာဉ် ၁၈ သင်းမှ အစင်းရေ ၄၇၀ ကျော်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# တိုင်းရင်းဆေးဖြင့်ကုသပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းများကို ယနေ့နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့နယ် ပလိပ်ရွာမကျေးရွာ ဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။



အသိပညာပေး ဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူးအိအိဇင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်စောင့်ရှောက်ရေး သိကောင်းစရာများကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းခင်က တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ အသိပညာဗဟုသုတများကို လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့သည် တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ယင်းနောက် ကျီးပေါင်းရောဂါ၊ အဆစ်အမြစ်ရောင် ရောဂါများကို တိုင်းရင်းဆေးများ အခမဲ့ဖြန့်ဝေ၍ လက်တွေ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ကလေးဒေသမှ ရေဘေးသင့် ကြက်မွေးမြူသူများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်သားပေါက်များဖြန့်ဝေ

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေဘေးသင့်ခဲ့ပြီး ကြက်မွေးမြူရေးလုပ်ငန်းများလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးကာလတွင် ရေဘေးသင့် ကြက်မွေးမြူရေးလုပ်ကိုင်သူများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်သားပေါက်များ ဖြန့်ဝေပေးလျက်ရှိသည်။

ကြက်သားပေါက်ဖြန့်ဝေမှု အခြေအနေနှင့်ပတ်သက်ပြီး "ရေဘေးသင့် ကလေးဒေသမှာ ဥစားကြက်ပေါက်လေးတွေကို ဆက်လက်ဖြန့်ဝေပေးနေပါတယ်။ နိုဝင်ဘာ ၉ ရက်အထိ ရေဘေးသင့် ကြက်မွေးမြူသူ ၂၄ ဦးကို ဥစားကြက် တစ်ကြိမ်လျှင် ကောင်ရေ ခြောက်ထောင်နှုန်းဖြင့် (၃)ကြိမ် စုစုပေါင်း ကောင်ရေ တစ်သောင်းရှစ်ထောင်ကို လည်းကောင်း၊ ရေဘေးသင့် ကြက်မွေးမြူသူ ၁၉ ဦးအား အသားစားကြက်ပေါက် ကောင်ရေ ၁၄၄၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ကောင်ရေ ၃၂၄၀၀ ကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဥစားကြက်ပေါက်ကောင်ရေ ၂၁၉၂၀ အား နိုဝင်ဘာ နောက်ဆုံးပတ်အတွင်း ဆက်လက်ဖြန့်ဝေပေးသွားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေး ရေဘေးသင့်ဒေသတွင် ရေကြီးရေလျှံမှု ဖြစ်စဉ်ကြောင့် ကျေးရွာ၂၄ ရွာမှ ကြက်ကောင်ရေ ၉၂၄၀၀ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# မြောင်းမြမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောက်လုပ်မည်

**မြောင်းမြ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်လူနာများ သက်သောင့်သက်သာ တက်ရောက်ကုသမှုခံယူနိုင်ရန်အတွက် တိုးချဲ့လူနာဆောင် လေးထပ်အဆောက်အအုံသစ် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့လူနာဆောင်အသစ်ကို RC အဆောက်အအုံအဖြစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အလျားပေ ၁၄၀၊ ၁၃၆ ပေ၊ အနံ ၆၄ ပေ နှစ်ဆောင်တွဲနှင့် ဓာတ်လှေကားတစ်စင်း၊ မြို့ပြ ရေသန့်လုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများအပါအဝင် လူနာဆောင်၊ ဆရာ ဆရာမ နားနေခန်း၊ ဓာတ်မှန်ခန်း၊ သွားဆေးခန်း၊ ခွဲစိတ်ခန်းများ ပါဝင်မည်ဖြစ်ကာ ၂၀၁၆ ခုနှစ် မတ်လကုန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆေးရုံအဖြစ်မှ ယခုနှစ်အတွင်းခုတင်(၂၀၀) ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ခဲ့ပြီး လူနာနှင့် ဆေးရုံမျှတမှုမရှိတော့ဘဲ လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနမှ တိုးချဲ့ဆောင်ဆောက်လုပ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မင်း(ပြန်/ဆက်)**

# ပုလဲမြို့နယ်၌ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဝေ

**ပုလဲ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ကျေးလက်နေအိမ်ထောင်စုများသို့ စွမ်းအားမြင့်မီးဖိုများ အခမဲ့ပေးအပ်ပွဲကို ပုလဲမြို့ ပုလဲရတနာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မြို့နယ်အတွင်းရှိ ချောင်းကန်၊ သာယာကုန်း၊ အေးကုန်း၊ ကုက္ကိုကုန်း၊ မြကုန်း၊ ညောင်ကုန်း၊ ဇီဖြူကုန်း၊ သပြေကုန်း၊ နားတော်လျှောက်၊ အိုင်ရောင်း၊ ဦးနှောက်နှင့် တောင်ရွာသစ်ကျေးရွာနေ အိမ်ထောင်စုများသို့ စွမ်းအားမြင့်မီးဖိုများကို တစ်ရွာလျှင် အလုံး ၅၀ ဖြင့် စုစုပေါင်း အလုံး ၆၀၀ ကို အခမဲ့ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဟိန်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေ အိမ်ထောင်စုများအတွက် စွမ်းအားမြင့်မီးဖိုများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄ ရွာ အတွက် အလုံး ၇၁၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာအတွက် အလုံး ၆၅၀ အခမဲ့ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## န ည် း ပ ည ာ သ တ င် း

# BMW ကားများတွင် Apple စမတ်နာရီ အသုံးပြုနိုင်မည်

နာရီတစ်လုံးရှိရုံဖြင့် ကားမောင်းနေစဉ် မိုဘိုင်းဖုန်းအသုံးပြုစရာမလိုဘဲ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်မည်ဖြစ်သည်။ ကားကျပ်သည့်ပါကင်များတွင် ကားကို ရပ်နားထားခဲ့ပြီး ပြန်လည်ရှာဖွေရန် အခက်တွေ့နေချိန်တွင် ရီမုတစ်ခုကဲ့သို့ အဆိုပါနာရီကို အသုံးပြုပြီး ကားကို မီးလင်းစေခြင်း၊ ဟွန်းသံမြည်စေခြင်းတို့ဖြင့် ရှာဖွေခြင်း ပြုလုပ်နိုင်မည်ဖြစ်ပြီး ကား၏တည်နေရာကို ထိုနာရီတွင် ပါဝင်သည့် မြေပုံညွှန်းကိုကြည့်ကာ ရှာဖွေနိုင်သည်။

အမှတ်မထင် ကားရပ်နားပြီး တံခါးများ၊ မှန်များမပိတ်မိသည်ကို သိရှိပြီး အချိန်မဆိုင်းဘဲ အဆိုပါနာရီမှတစ်ဆင့် စစ်ဆေးကာ ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကားအပြိုင်အဆိုင်မောင်းနှင်မှုများ မရှိစေရန် နာရီမှတစ်ဆင့် အရှိန်လွန်မောင်းနှင်မှုများကို သတိပေးအကြောင်းကြားနေမည်ဖြစ်သည်။ မိသားစုတွင်းမှ တစ်ဦးတစ်ယောက် ကားကို ယူဆောင်မောင်းနှင်သွားရာတွင် စိတ်ပူပန်စရာမလိုတော့ဘဲ စမတ်နာရီမှတစ်ဆင့် ကားသွားလာရာ လမ်းကြောင်းနှင့် တည်နေရာများကို ပြသပေးနေမည်ဖြစ်သည်။




ကားအတွင်း ဆီလက်ကျန်နှင့် ဘက်ထရီအား လက်ကျန်များကို စစ်ဆေးနိုင်ခြင်း၊ ကား၏ကြံ့ခိုင်မှုများ စစ်ဆေးခြင်းကိုလည်း အဆိုပါ စမတ်နာရီနှင့် ကားအားချိတ်ဆက်ကာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါနာရီကို ယခင်လအတွင်းက BMW မော်ဒယ်သစ်ကားများနှင့်အတူ မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပြီး BMW i3 နှင့် i8 အမျိုးအစားကားများတွင် ချိတ်ဆက်အသုံးပြုမှုကို ပြပွဲအတွင်း လက်တွေ့သရုပ်ပြပေးခဲ့သည်။ အဝေးထိန်းစနစ်ပါရှိပြီး အဆိုပါစနစ်ဖြင့် ကား၏အသေးစိတ်လုပ်ဆောင်ချက်များ၊ ဘက်ထရီစနစ်နှင့် အခြားဖျော်ဖြေရေးစနစ်များတွင် ကြိုးမဲ့စနစ်ဖြင့်ချိတ်ဆက်ကာ အသုံးပြုနိုင်မည်ဟု သိရသည်။



# ၂၀၁၆ ခုနှစ်အတွက် Range Rover ၏ အမိုးဖွင့်မော်ဒယ်သစ်

SUV အမျိုးအစား အကြမ်းခံ၊ ဇိမ်ခံမော်တော်ယာဉ်အမျိုးအစားတစ်မျိုးဖြစ်သည့် Range Rover သည် သူ၏အမိုးဖွင့်မော်ဒယ်သစ် SUV ကို နိုဝင်ဘာလအတွင်းမိတ်ဆက်ပေးခဲ့သည်။ SUV ကားအမျိုးအစားများစွာရှိသည့်အနက် အမိုးဖွင့်နိုင်၊ ပိတ်နိုင်သည့် အမျိုးအစားဖြစ်ပြီး ထွက်ရှိပြီး မော်ဒယ်များနှင့် ဒီဇိုင်းပိုင်း အနည်းငယ်ကွဲပြားသွားသည်။

ကား၏အရှေ့ဘက်တွင် ကြီးမားသည့်လေစုပ်ခွက်များပါဝင်ပြီး ဦးခေါင်းပိုင်းကြီးမားကျယ်ပြန့်သည့် ဒီဇိုင်းမျိုးဖြစ်ကာ ရှေ့မီးလုံးများမှာ အနည်းငယ်သေးငယ်သယောင်ပါရှိသည်။ Range Rover SUV တို့၏ အစဉ်အလာအတိုင်း လေးဘီးယက် 4 WD စနစ်ဖြစ်ကာ ကြီးမားသည့် တာယာနှင့်အလှိုင်းခွေများ ပါဝင်သည်။ ထူးခြားချက်မှာ တံခါးနှစ်ပေါက်သာပါဝင်ပြီး လူ ငါးဦးသာ လိုက်ပါစီးနင်းနိုင်သဖြင့် ယခင်ထွက်ရှိပြီး Range Rover များထက် ပိုပြီးကွဲပြားသည့်ဒီဇိုင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။

၁၈ စက္ကန့်မှ ၂၁ စက္ကန့်အတွင်း အမိုးအဖွင့်၊ အပိတ်ပြုလုပ်နိုင်ပြီး လူငယ်ကြိုက်ဖျော်ဖြေရေးစနစ်တွင် ကြိုးမဲ့စနစ်နှင့် ထိတွေ့မျက်နှာပြင်စနစ်များပါဝင်လာသည်။ မြင်းကောင်ရေ ၂၄၀ အင်ဂျင်ပါဝါရှိပြီး အော်တိုဂီယာစနစ် တပ်ဆင်ထားသည်။ ကား၏အတွင်းခန်းကို သားရေအစစ်များဖြင့် ထည့်သွင်းပြုလုပ်ထားပြီး အဆင့်မြင့်နည်းပညာများ ပါဝင်တပ်ဆင်ထားသည်ဟု သိရသည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၁၄၇၀ တန်ဖိုးရှိပြီး ၂၀၁၆ ခုနှစ်တွင် စတင်ပြီး ဈေးကွက်အတွင်း ပို့ဆောင်သွားမည်ဟု သိရသည်။

Alez - စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀ - ၁၁ - ၂၀၁၅ (သောကြာနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ် |
| ၅း၄၀ | "စိုက်ပျိုးရေးကုသိုလ်" တရားတော် ( ဆရာတော်အရှင်ဝါယာမသာရ) |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၀၅ | Food & Decor |
| ၁၁း၃၀ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၈) |
| ၁၂း၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၆) |
| ၄း၀၀ | Cartoon Series (English Playground) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၇) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၁) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၉) |
| ၁၀း၁၅ | Movie Talk [ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသော ပညာရှင်များ (အပိုင်း-၁၆)ဒုတိယပိုင်း] |
| ၁၁း၄၀ | Wold of Knowledge (Highway Thru Hell : Family Business) |
| ၂း၀၅ | MRTV-4ရုပ်ရှင်ဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၄၁) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၇း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၇း၃၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၀ | မြဝတီအဖွင့် |
| ၄း၀၂ | နိုင်ငံတော်သီချင်း |
| ၄း၀၆ | တစ်ပတ်အတွင်း စီးပွားရေးသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | "ရွာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၂၇) ဒါရိုက်တာ မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျောင်းဒိုဂွန်း အပိုင်း(၅၀)(ဇာတ်သိမ်းပိုင်း) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door |

### mitv

| | |
|---|---|
| 07:03 | Am News |
| 07:26 | "Interesting Features of Rakhine |
| 07:47 | "Dhamma School |
| 08:26 | "An Ardent Aficionado Of Traditional Design |
| 09:26 | "Crab Business (Part-II) Soft Shell Crab |
| 09:39 | "We'll Leave After 12 Passengers Are On Board …….. |
| 09:54 | "Kid's Home |
| 10:26 | "Indian Footsteps |
| 10:33 | "The Caves |
| 10:49 | " MURAL PAINTING BAGAN |
| Prime Time | |
| 07:03 | Pm News |
| 07:26 | "An Oasis Trip to Mt. Popa |
| 07:54 | "Paper Flower |
| 08:26 | "Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-1) In Memory of Him & His Childhood |
| 08:50 | "Culture Shows: Theatrical Art |

# အီဂျစ်ရုပ်ရှင်သစ် "Gods of Egypt"

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ရုပ်ရှင်သစ် "Gods of Egypt"ကို နိုဝင်ဘာ ၁၇ ရက်က အွန်လိုင်းကနေတစ်ဆင့် အမြည်းထုတ်လွှင့်ပြသခဲ့ပါတယ်။ ယင်းရုပ်ရှင်ဟာ ပါသီနွန်ဘုရားကျောင်းမှာရှိတဲ့ အီဂျစ်နတ်ဘုရားတွေရဲ့ ရာဇဝင်ကိုအခြေခံကာ ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ အက်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး ယင်းရုပ်ရှင်မှာ နတ်ဘုရားများစွာတို့ရဲ့ စွန့်စားခန်းတွေကိုလည်း ကြည့်ရှုခံစားကြရမှာ ဖြစ်ပါတယ်။

အဆိုပါ နတ်ဘုရားတွေထဲမှာ လူသားနတ်ဘုရားတွေပါဝင်သလို အလွန်ကြီးမားတဲ့ မြွေ၊ နဂါးစတဲ့ သတ္တဝါတွေလည်း နတ်ဆိုးတွေအဖြစ် ပါဝင်ပါတယ်။ ဒ့ါအပြင် ရွှေရောင်စစ်ဝတ်စုံကို ဝတ်ဆင်ထားပြီး ပျံသန်းနိုင်တဲ့ ဇာတ်ကောင်တစ်ဦးလည်း ပါဝင်ပါတယ်။

ယင်းစွန့်စားခန်းရုပ်ရှင်မှာ ရုတ်တရက်ပေါ်ထွက်လာခဲ့တဲ့ မသေနိုင်တဲ့ လူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ ဘက်ခ်ဟာ ကမ္ဘာမြေကြီးကိုကာကွယ်ဖို့နဲ့ သူ့ရဲ့ အချစ်စစ်ကို ကယ်တင်ဖို့ စွန့်စားမှုတွေကို စတင်ခဲ့ပြီး သူ့ရဲ့လူသားမျိုးနွယ်တွေ အသက်ရှင်သန်ရေးအတွက် ကြိုးပမ်းခဲ့ရပုံကို ဖော်ကျူးထားတဲ့ အီဂျစ်ဂန္ထဝင်ဒဏ္ဍာရီတစ်ခုရဲ့ လွှမ်းမိုးခြင်းကို အပြည့်အဝခံထားရပါတယ်။

"Gods of Egypt" ရုပ်ရှင်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ ဩစတြေးလျနိုင်ငံ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ **အေးပြည့်**



# မိုက်ကယ်လ်ဒေါက်ဂ်လက်စ်နဲ့ ကတ်သရင်းဇီတာဂျုန်းစ်တို့ရဲ့ (၁၅) နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်



ဟောလိဝုဒ်ရဲ့ နာမည်ကြီးမင်းသားကြီး မိုက်ကယ်လ်ဒေါက်ဂ်လက်စ်နဲ့ ချီကာဂိုမင်းသမီးချော ကတ်သရင်းဇီတာဂျုန်းစ်တို့ဟာ သူတို့ရဲ့ (၁၅)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက်(ဗုဒ္ဓဟူးနေ့)က ကျင်းပခဲ့ကြပါတယ်။

အဆိုပါမောင်နှံအတွက် အမှတ်တရနဲ့ ထူးခြားတဲ့နေ့လေးမှာ မင်းသမီးကတ်သရင်းက ခင်ပွန်းသည်နဲ့အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံအများအပြားကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပြီး ခင်ပွန်းသည်အတွက် မင်္ဂလာနှစ်ပတ်လည်နေ့ ဆုတောင်းပေးပို့ခဲ့ပါတယ်။

အဆိုပါဓာတ်ပုံတွေထဲမှာ အသက် (၄၆)နှစ်အရွယ် မင်းသမီးကတ်သရင်းနဲ့ အသက် (၇၁)နှစ်အရွယ် မင်းသားကြီး မိုက်ကယ်လ်တို့ဟာ တစ်ဦးကိုတစ်ဦးချစ်စခင်စမောင်နှံများကဲ့သို့ မြတ်မြတ်နိုးနိုးနဲ့ အပြုံးချင်းဖလှယ်နေကြတဲ့ ဓာတ်ပုံများလည်း ပါဝင်ပါတယ်။

ဇနီးသည်နှင့်ပတ်သက်၍ မင်းသားကြီးက "ကျွန်တော်ကတ်သရင်းကို အရင်ချစ်ခဲ့ဖူးတဲ့သူတွေအားလုံးထက်ကို ပိုချစ်ပါတယ်။ သူလည်းကျွန်တော့်လိုပဲလို့ ထင်ပါတယ်" လို့ သည်ဒေးလီးမေးလ်သတင်းစာကို ပြောကြားခဲ့ပါတယ်။

မိုက်ကယ်လ်နဲ့ ကတ်သရင်းတို့ဟာ ၂၀၀၀ ပြည့်နှစ်တုန်းက လက်ထပ်ခဲ့ကြတာပါ။ သူတို့နှစ်ဦးဟာ ၂၀၁၃ ခုနှစ်မှာတော့ ခေတ္တလမ်းခွဲခဲ့ကြပါသေးတယ်။ သူတို့နှစ်ဦးစလုံးရဲ့ ကျန်းမာရေးပြဿနာတွေကြောင့်ပဲဖြစ်ပါတယ်။ မင်းသားကြီးကတော့ လည်ချောင်းကင်ဆာရောဂါခံစားခဲ့ရပြီး ကတ်သရင်းကတော့ စိတ်မတည်မငြိမ်ဖြစ်ခြင်းကို ခံစားခဲ့ရတာပါ။ ဒါပေမယ့် လမ်းခွဲပြီးမကြာခင်မှာပဲ ပြန်လည်လက်တွဲခဲ့ကြပါတယ်။

အခုချိန်မှာတော့ သူတို့နှစ်ဦးဟာ အသက် (၁၅)နှစ်အရွယ် သားလေး ဒိုင်လန်နဲ့ (၁၂)နှစ်အရွယ် သမီးလေးခရေးစ်တို့နဲ့အတူ ဘဝကိုပျော်ရွှင်စွာဖြတ်သန်းလျက်ရှိပါတယ်။ **ခင်ခင်သက်**

# လာမည့်နှစ်ဆန်းပိုင်းတွင် မြန်မာရုပ်ရှင်များကို ရုံပြိုင်စနစ်ဖြင့် ပြသသွားမည်



၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ မြန်မာရုပ်ရှင်ဇာတ်ကားများကို အေအုပ်စု၊ ဘီအုပ်စုခွဲကာ ရုံပြိုင်စနစ်ဖြင့် ပြသသွားမည်ဖြစ်သဖြင့် ပရိသတ်များအနေဖြင့် ရွေးချယ်ကြည့်ရှုစရာများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ရုပ်ရှင်ပြသရေး ဘွတ်ကင်မန်နေဂျာ ဦးဌေးအောင်ထံမှ သိရသည်။

ယခင်က ဇာတ်ကားတစ်ကားပြောင်းမှ နောက်တစ်ကားကို စောင့်မျှော်ကြည့်ရှုခဲ့ကြရသော်လည်း ယခုကဲ့သို့ ရုံပြိုင်စနစ်ဖြင့် ပြသခြင်းဖြင့် ရုပ်ရှင်ချစ်ပရိသတ်များအနေဖြင့် တစ်လလျှင် မြန်မာရုပ်ရှင်ဇာတ်ကားကြီး သုံးလေးကားကို စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

"ရိုက်ကူးရေးသမားတွေအနေနဲ့ကတော့ ကားကြီးတွေဘက်ကိုပဲ ပိုပြီးအားသန်နေကြတယ်။ ကားကြီးထုတ်လုပ်မှုပိုင်းမှာ ၂၀၁၆ ဇန်နဝါရီလကစပြီး အေအုပ်စု၊ ဘီအုပ်စုဆိုပြီး အုပ်စုခွဲကာ ကားအထွက်မြန်အောင်လုပ်မှာပါ။ ခုဆို ဆင်ဆာကျပြီးကားက ၂၀၊ ၂၅ ကား လောက်ဖြစ်နေပါပြီ။ အရင်တုန်းကလို သုံးပတ်တစ်ကားနှုန်းနဲ့ဆိုရင် ကားတစ်ကားကို နှစ်နှစ်လောက်စောင့်ရမလိုဖြစ်နေတယ်။ ခုအဲလိုမဖြစ်ရအောင် ရုပ်ရှင်ထုတ်လုပ်သူတွေနဲ့ ရုပ်ရှင်ရုံပိုင်ရှင်တွေနဲ့ ညှိနှိုင်းပြီး အေအုပ်စု၊ ဘီအုပ်စုခွဲပြီး ရုံပြိုင်စနစ်နဲ့ပြသတော့မှာဖြစ်ပါတယ်"ဟု ရုံပြိုင်စနစ်နဲ့ပတ်သက်ပြီး ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိကာလသည် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းတစ်ခုနှင့်ကြုံလာချိန်ဖြစ်သဖြင့် စီးပွားရေးကဏ္ဍပြောင်းလဲလာမှုများအပေါ် ပြည်သူများ အာရုံစိုက်နေချိန်ဖြစ်ရာ ယခုလက်ရှိ ရုံတင်ပြသနေသည့် မြန်မာဇာတ်ကားများအပေါ် စိတ်ဝင်စားမှုနည်းလာသည်နှင့်အမျှ အောင်မြင်မှုမှာလည်း လျော့နည်းလျက်ရှိနေကြောင်းလည်း သိရသည်။

"ခုရုံတင်နေတဲ့ဇာတ်ကားဆိုရင် ရုံစတင်တဲ့အပတ်ကတည်းက ရွေးကောက်ပွဲနဲ့လာတိုက်ဆိုင်နေတော့ ပြည်သူတွေရဲ့အာရုံတွေက ဒီဘက်မှာ သိပ်မရှိတော့ ရုပ်ရှင်ကြည့်အားတွေကျနေပါတယ်။ ကြည့်အားကျတော့ အောင်မြင်မှုပိုင်းမှာလည်း ကျဆင်းသွားတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာဗီဒီယိုဇာတ်ကားများအနေဖြင့် ကျဆင်းမှုဘက်ကို ဦးတည်လျက်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ "မြန်မာဗီဒီယိုဇာတ်ကားထွက်ရှိမှုအနေနဲ့က တစ်ပတ်ကို အနည်းဆုံး ၁၅ နဲ့ ၂၀ ကားကြားမှာ ရှိပါတယ်။ ဒါပေမယ့် လူတွေရဲ့အာရုံက ဒီဘက်မှာသိပ်မရှိတော့ ကြည့်အား တွေလည်းကျနေပါတယ်။ နောက်ပြီး ရုပ်သံမီဒီယာတွေမှာလည်း ဇာတ်ကား အတော်များများလွှင့်နေတဲ့အတွက် ကြည့်အားတွေကျနေတာပါ" ဟု ရုပ်ရှင်အသိုင်းအဝိုင်းမှ သိရသည်။

ယခုလက်ရှိတွင် ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာနှင့် ဝင်းလိုက်ရုပ်ရှင်ရုံတို့တွင် ခန့်စည်သူ၊ ခိုင်သင်းကြည်နှင့် အိချောပိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဇာတ်ကား ရုံတင်ပြသလျက်ရှိပြီး ယင်းနောက်တွင်"နက္ခတ်မှားတဲ့ တိုက်ပွဲ"ဇာတ်ကားရုံတင်ပြသမည်ဖြစ်ကာ ယင်းဇာတ်ကားတွင် နေတိုးနှင့်သက်မွန်မြင့်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။ **ဖြိုးစန္ဒာမြင့်**

# လာလီဂါတွင် ရွန်းနီနှင့် ဒီဂီယာတို့ ကစားသည်ကိုမြင်တွေ့လိုသော ဂျာဗီယာတီဗက်ဇ်



စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့၏ တစ်ဦးချင်း ကျော်ကြားမှုက လာလီဂါ၏ ဂုဏ်သတင်းကို ပိုမို တောက်ပြောင်စေခဲ့သလို မန်ယူကစားသမား နှစ်ဦးဖြစ်သော ရွန်းနီနှင့် ဒီဂီယာတို့ကိုလည်း လာလီဂါတွင် လာရောက်ကစားစေချင်ကြောင်း လာလီဂါဥက္ကဌ ဂျာဗီယာတီဗက်ဇ်က ဖွင့်ဟ ပြောကြားလိုက်သည်။ လာလီဂါတွင် ကမ္ဘာ့ အကောင်းဆုံး ကစားသမားနှစ်ဦးအဖြစ် လက်ခံ ထားသော စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့ နှစ်ဦး စလုံးရှိနေသလို နေမာ၊ ဆွာရက်ဇ်၊ ဂါရတ်ဘေးလ် နှင့် ဘင်ဇီမာတို့ကြောင့်လည်း ကမ္ဘာ့ထိပ်တန်း ကစားသမားများစုဝေးရာ လိဂ်တစ်ခုအဖြစ် ဘောလုံးလောက၌ သတ်မှတ်ထားကြသည်။

သို့သော် ဂျာဗီယာတီဗက်ဇ်ကမူ လက်ရှိ လာလီဂါကြယ်ပွင့်ကစားသမားများ၏ အင်အားကို အလုံးစုံကျေနပ်မှုမရှိဘဲ ဘိုင်ယန်ကွင်းလယ်လူ ရိဘာရီ၊ မန်ယူတိုက်စစ်မှူး ဝိန်းရွန်းနီနှင့် ဂိုးသမား ဒီဂီယာတို့ကိုလည်း လာလီဂါအတွက် ကစားပေး သည်ကို မြင်တွေ့လိုကြောင်း ဆိုခဲ့သည်။ ဂျာဗီယာတီဗက်ဇ်က ဘာစီလိုနာနှင့် ရီးယဲလ် မက်ဒရစ်တို့သည် ကမ္ဘာ့အကောင်းဆုံးကစားသမား များရရှိအောင် အမြဲတမ်းစုစည်းနိုင်သည့် အသင်းများဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင် ချီးကျူးစကားပြောကြားခဲ့သည်။

"မက်ဒရစ်ကဆို ဂါရတ်ဘေးလ် ခြေစွမ်း တအားတက်နေတဲ့အချိန်မှာ လာလီဂါကို ရောက်အောင်ခေါ်နိုင်ခဲ့တယ်။ ဒီလိုပဲ ဂျိမ်းစ် ရိုဒရီဂွက်ဇ် ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြနေတော့ ဘောလုံးရာသီမစခင်မှာပဲ စာချုပ်ချုပ်လိုက်နိုင် တယ်။ ဘာကာကတော့ နှစ်နှစ်အတွင်းမှာ တောင် အမေရိက ထိပ်တန်းတိုက်စစ်မှူး နှစ်ယောက်ဖြစ် တဲ့ နေမာနဲ့ ဆွာရက်ဇ်တို့ကိုခေါ်ပြီး ဖလားသုံးလုံး အောင်မြင်မှုနဲ့အတူ လာလီဂါရဲ့ ဂုဏ်သိက္ခာကို ထပ်ပြီးမြင့်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။ အခု နောက်ပိုင်း နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်မှာ လာလီဂါအသင်းတွေကပဲ အောင်ပွဲခံနေတာက လည်း ဒီလိဂ်က အခြားလိဂ်တွေထက် သာတယ် ဆိုတာ သက်သေပြနိုင်ခဲ့တယ်" ဟု ဂျာဗီယာ တီဗက်ဇ်က ဆိုခဲ့သည်။

ဒီဂီယာမှာ ပြီးခဲ့သည့် နွေဈေးကွက်တွင် ရီးယဲလ်သို့ရောက်ရှိရန် အလွန်နီးစပ်ခဲ့သည့် အနေ အထားရောက်ရှိခဲ့သော်လည်း စာရွက်စာတမ်းကိစ္စ အပြီးမသတ်နိုင်သဖြင့် အပြောင်းအရွှေ့မှာ ပျက်ပြယ် ခဲ့ရခြင်းဖြစ်သည်။ သို့သော် ရွန်းနီနှင့် ရိဘာရီတို့မှာမူ အသက်အရွယ်အားဖြင့် (၃၀)ကျော်လွန်လာပြီး လက်ရှိတွင် အကောင်းဆုံးပုံစံများ ပျောက်ဆုံးနေ ကြသဖြင့် လာလီဂါရှိ မည်သည့်အသင်းကမျှ ကမ်းလှမ်းမှုမပြုကြခြင်း ဖြစ်သည်။ **(မေလှဲ့သင်း)**

## ယူရို ၂၀၁၆ ပြိုင်ပွဲပြီးပါက ကလပ်အသင်းနည်းပြတာဝန်ယူရန် ရွိုင်ကိန်းမျှော်လင့်



အိုင်ယာလန်အသင်း၏ လက်ထောက် နည်းပြ ရွိုင်ကိန်းသည် လက်ရှိတွင် ၎င်း၏နိုင်ငံဖြစ်သည့် အိုင်ယာလန် လက်ရွေးစင်အသင်းကို လက်ထောက် နည်းပြအနေဖြင့် တာဝန်ယူကိုင်တွယ် လျက်ရှိပြီး ပြင်သစ်နိုင်ငံတွင် ကျင်းပ မည့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးသွားပါက ကလပ်အသင်း နည်းပြတာဝန်ဖြင့် ဆက်လက်တာဝန်ထမ်းဆောင်သွား ရန် မျှော်လင့်ထားကြောင်းသိရသည်။

ထို့ကြောင့်ရွိုင်ကိန်းအနေဖြင့်လက်ရှိ အိုင်ယာလန်အသင်းနည်းပြ မာတင် အိုနေးလ်နှင့် ၎င်း၏အနာဂတ်အတွက် လာမည့်သီတင်းပတ်အတွင်း ဆွေးနွေး မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မာတင် အိုနေးလ်မှာ မိမိ၏ ရည်ရွယ်ချက်ကို လည်း သိရှိထားပြီးဖြစ်ကြောင်း ရွိုင်ကိန်းက ပြောကြားခဲ့သည်။

အိုင်ယာလန်အသင်းခေါင်းဆောင် ဟောင်းတစ်ဦးဖြစ်သူ ရွိုင်ကိန်းသည် ကစားသမားဘဝမှ နည်းပြအဖြစ် စတင်ပြောင်းလဲတာဝန်ယူခဲ့ပြီးနောက် ဆန်းဒါးလန်းအသင်းနှင့် အစ်ဆွစ် အသင်းတို့ကို နည်းပြအဖြစ်တာဝန် ယူကိုင်တွယ်ခဲ့သူဖြစ်သည်။ ကစား သမားဘဝမှ အနားယူပြီးနောက် ရွိုင်ကိန်းအနေဖြင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ဆန်းဒါးလန်းအသင်း အား ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ရွိုင်ကိန်းသည် ဆန်းဒါး လန်းအသင်း ချန်ပီယံရှစ်မှ ပရီမီယာ လိဂ်သို့ တန်းတက်လာခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ အစ်ဆွစ်အသင်းကို တာဝန်ယူကိုင် တွယ်ခဲ့စဉ်တွင် အောင်မြင်မှုမရှိခဲ့ဘဲ လပေါင်း ၂၀ ကြာ တာဝန်ယူကိုင်တွယ် ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ တွင် အသင်းနည်းပြအဖြစ်မှ ထုတ် ပယ်ခံခဲ့ရသည်။ **(ငွေကြယ်)**

## မန်ချက်စတာဒါဘီကို အသက်ဝင်အောင် စတင်ဖန်တီးနိုင်သူ မန်ချီနီ

လက်ရှိအင်တာမီလန်နည်းပြ မန်ချီနီက ၎င်းမှာ မန်ချက်စတာဒါဘီကို အသက်ဝင်အောင် စတင်ပြောင်းလဲ နိုင်သူဟု ၎င်းကိုယ်၎င်း ဂုဏ်ယူဝင့်ကြွားစွာ ကင်ပွန်း တပ်ခဲ့သည်။ မန်ချီနီသည် မန်စီးတီးအသင်းအား ၂၀၁၀- ၂၀၁၁ ဘောလုံးရာသီတွင် အက်ဖ်အေဖလား၊ ၂၀၁၂ တွင် ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင် အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ မန်ချီနီက ယခင်က မန်ချက်စတာဒါဘီမှာ အခြားသော ပရီမီယာလိဂ်ပွဲစဉ် များဖြစ်သော မန်ယူ-လီဗာပူး၊ မန်ယူ-ချယ်လ်ဆီး၊ မန်ယူ- အာဆင်နယ်တို့လောက် ပရိသတ်များ၏ စိတ်ဝင်စားမှု မရရှိခဲ့သော်လည်း ၎င်းအနေဖြင့် မန်စီးတီးကို စတင် ကိုင်တွယ်ချိန်မှစ၍ အစဉ်အလာကို ပြောင်းလဲအောင် စွမ်းဆောင်နိုင်ခဲ့သည်ဟု ဆိုလိုက်သည်။

မန်ယူအသင်းမှာ ပရီမီယာလိဂ်၏ အစဉ်အလာ အကြီးမားဆုံးအသင်းအဖြစ် နှစ်ပေါင်းများစွာ ရပ်တည် လာသည့်အသင်းဖြစ်သောကြောင့် မန်စီးတီးကို မန်ယူ နှင့် အဆင့်တူအသင်းအဖြစ် ပရိသတ်များ ရှုမြင်လာစေရန် ကြိုးပမ်းခဲ့ရသော အားထုတ်မှုမှာ တကယ့်လက်တွေ့တွင် အလွန်ခက်ခဲခဲ့ကြောင်းလည်း မန်ချီနီက ဂိုးဒေါ့ကွန်းသို့ ပြောကြားခဲ့သည်။ ထို့ပြင် မန်ချီနီက ယခုနှစ်တွင် ချယ်လ်ဆီးအနေဖြင့် ထိပ်ဆုံးလေးသင်းသို့ ဝင်ရောက် နိုင်ရန်မှာ ခက်ခဲနိုင်မည်ဖြစ်ပြီး မန်စီးတီးအား အဓိက စိန်ခေါ်နိုင်မည့် အသင်းနှစ်သင်းမှာ မန်ယူနှင့် အာဆင်နယ် တို့သာလျှင်ဖြစ်ကြောင်း သူ၏အမြင်ကို ထုတ်ဖော် ပြောကြားခဲ့သည်။

(မေလှဲ့သင်း)

## မန်စီးတီး-လီဗာပူးအဆုံးနဲ့ ပရီမီယာလိဂ်ရင်ခုန်သံ-၁၃

*နိုင်ငံတကာပွဲစဉ်တွေကြောင့် တစ်ပတ်ကြာ ရပ်နားထားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေကို လာမယ့် နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၄ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပြန်လည်ကျင်းပမယ့် ပွဲစဉ် ၁၃ မှာတော့ မန်စီးတီးနဲ့ လီဗာပူးတို့ ဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ပိုမိုကောင်းမွန်နေပါတယ်။*



ရှိုင်းမင်းမင်း

**ဝက်ဖို့ဒ်-မန်ယူ** ည၇း၁၅(၂၁-၁၁-၂၀၁၅)

မန်ယူဟာ တိုက်စစ်ပိုင်းက အဆုံးသတ်ပိုင်း အားနည်း ပေမယ့် အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိပါတယ်။ မန်စီးတီး၊ အာဆင်နယ်တို့နဲ့ အမှတ်ပိုမကွာသွားအောင် လည်း ဒီပွဲကို ဂရုတစိုက်ကစားသွားမှာပါ။ ဝက်ဖို့ဒ်က ခံစစ်ကစားပုံမဆိုးပေမယ့် တိုက်စစ်ပိုင်းက အားနည်းမှု တွေရှိပါတယ်။ မန်ယူကပ်နိုင်သွားနိုင်တယ်။

**ဝက်စ်ဘရွန်း-အာဆင်နယ်** ည ၉း၃၀(၂၁-၁၁-၂၀၁၅)

အာဆင်နယ်ရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ စပါးနဲ့ သရေကျ ခဲ့တာကြောင့်လည်း ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိဖို့ အားစိုက်လာမှာ သေချာပါတယ်။ ဝက်စ်ဘရွန်းကလည်း ဒီရာသီမှာ ခြေတည်ငြိမ်မှုမရှိပါဘူး။ အာဆင်နယ် အဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

**အဲဗာတန်-အက်စတွန်ဗီလာ** ည ၉း၃၀(၂၁-၁၁-၂၀၁၅)

မန်နေဂျာသစ် ဂရာဒီလက်ထက်မှာ ဗီလာကစားပုံ ကောင်းမွန်လာပါတယ်။ မန်စီးတီးကို သရေကစားနိုင် ခဲ့တဲ့ပွဲမှာ ဗီလာဟာ ခံစစ်ကစားပုံကအစ အားကောင်းမှု ရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဗာတန်ကလည်း ခြေစွမ်းပိုင်း ကောင်းမွန်နေတဲ့ အသင်းဖြစ်သလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားမှာပါ။ အဲဗာတန်ပဲ နိုင်ပွဲရဖို့ ရှိတယ်။

**ဆွမ်ဆီး-ဘုန်းမောက်** ည ၉း၃၀(၂၁-၁၁-၂၀၁၅)

ဆွမ်ဆီးရဲ့ ဒီရာသီခြေစွမ်းက တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ဂိုမစ်ဦးဆောင်တဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အားနည်းသလို နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲသာ အနိုင်ရခဲ့တယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများတဲ့အသင်းဖြစ်လို့ ဒီပွဲမှာ တော့ ဆွမ်ဆီးတို့ အိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

**နယူးကာဆယ်-လက်စတာ** ည ၉း၃၀(၂၁-၁၁-၂၀၁၅)

လက်စတာဟာ ခံစစ်ပိုင်းအားနည်းတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ ဂျိမ်းဗာဒီ ခြေစွမ်းပြသမှုနဲ့အတူ ဂိုးသွင်းခြေကောင်းမွန်နေသလို အသင်းလိုက်ကစားပုံ လည်းကောင်းတယ်။ နယူးကာဆယ်ကတော့ အိမ်ကွင်း ဖြစ်ပေမယ့် ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ လက်စတာ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

**ချယ်လ်ဆီး-နော့ဝှစ်ချ်** ည ၉း၃၀(၂၁-၁၁-၂၀၁၅)

ဒီရာသီမှာ ချယ်လ်ဆီးရဲ့ ခြေစွမ်းပိုင်းအတော်လေး အားနည်းပါတယ်။ အဓိက တိုက်စစ်မှူးတွေအားလုံး နီးပါး ဂိုးသွင်းခြေပျောက်ဆုံးနေသလို ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိပါဘူး။ ဒါပေမယ့် ဒီပွဲကချယ်လ်ဆီးရဲ့ အိမ်ကွင်းဖြစ်တဲ့အပြင် နော့ဝှစ်ချ်ရဲ့ ခြေကလည်း သာမန် သာရှိပါတယ်။ နိုင်ပွဲလိုအပ်နေတဲ့ ချယ်လ်ဆီးပဲနိုင်ပွဲပြန် ရသွားမှာပါ။

**ဆောက်သမ်တန်-စတုတ်** ည ၉း၃၀ (၂၁-၁၁-၂၀၁၅)

ချယ်လ်ဆီးကို အနိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ စတုတ်ရဲ့ အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိပါတယ်။ နောက်ဆုံး ငါးပွဲမှာလည်း တစ်ပွဲသာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုရှိနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာ ဆောက်သမ်တန်က ပိုထက်မြက်မှုရှိပြီး အိမ်ကွင်းလည်း ဖြစ်လို့ ဆောက်သမ်တန် ကပ်နိုင်မယ်။

**မန်စီးတီး-လီဗာပူး** နံနက် ၀၀း၀၀ (၂၂-၁၁-၂၀၁၅)

အသင်းကြီးနှစ်သင်းဆုံတွေ့တဲ့ ပွဲစဉ်ဖြစ်ပေမယ့် လီဗာပူးရဲ့ ခြေစွမ်းကတည်ငြိမ်မှုအားနည်းနေပါသေး တယ်။ ဘန်တီကီဦးဆောင်တဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အားနည်းနေဆဲပါ။ မန်စီးတီးကတော့ အိမ်ကွင်းဖြစ်တဲ့ အပြင်အမှတ်ပေးဇယားမှာ ဆက်ဦးဆောင်နိုင်ဖို့ အမှား ခံမှာမဟုတ်ပါဘူး။ မန်စီးတီးကပ်နိုင်သွားနိုင်ခြေရှိ တယ်။

**စပါး-ဝက်စ်ဟမ်း** ည ၁၀း၃၀ (၂၂-၁၁-၂၀၁၅)

စပါးရဲ့ခြေစွမ်းက အခုနောက်ပိုင်းတောက်လျှောက် ကောင်းမွန်နေပါတယ်။ ဟယ်ရီကိန်းဦးဆောင်တဲ့ တိုက်စစ် ကလည်း ဂိုးသွင်းခြေပြန်ရလာပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဒါကြောင့် အပြန်အလှန်တုံ့ပြန်မှုနဲ့အတူ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပြီး စပါးကပ်နိုင်ခြေရှိတယ်။

**ခရစ္စတယ်ပဲလေ့စ်-ဆန်းဒါးလန်း** နံနက် ၂း၁၅ (၂၄-၁၁-၂၀၁၅)

ဆန်းဒါးလန်းဟာ မန်နေဂျာအပြောင်းအလဲပြုလုပ် ခဲ့ပေမယ့် ခြေစွမ်းပိုင်းက တည်ငြိမ်တိုးတက်မှု အားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစိတ်ချရမှု မရှိသေးပါဘူး။ ခရစ္စတယ်ပဲလေ့စ်ကတော့ ခြေမတည်ငြိမ် ဘူးဆိုပေမယ့် ကစားပုံမှာ ဆန်းဒါးလန်းထက် ပိုမိုကောင်း မွန်မှုရှိတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ပဲလေ့စ်ပဲ အနိုင် ရမယ်။

# လှိုင်သာယာစက်မှုဇုန်(၂)၌ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)၌ ယနေ့နံနက် အစောပိုင်းက မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) မောင်ပို လမ်းရှိ ပဲအိတ်များ၊ ပဲဖတ်အိတ်များ၊ ဆီကြိတ်စက်များ သိုလှောင်ထားရှိရာ ဂိုဒေါင်တွင် ယနေ့နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီး၍ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ မီးသတ်ယာဉ် ၄၅ စီး၊ အထောက် အကူပြုယာဉ် လေးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆီကြိတ်စက် ခုနစ်လုံး၊ ဆန်ခါချ စက်နှစ်လုံး၊ ဆီစစ်စက် လေးလုံး၊ မြေပဲ ၂၅ ပိဿာဝင် အိတ် ၂၀၀၊ ပဲဖတ် ၂၅ ပိဿာဝင်အိတ် ၁၀၀၀ တို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စက်ရုံမန်နေဂျာ မြင့်သိန်းအား လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၃၂၉)



# သစ်များတရားမဝင်သယ်ဆောင်လာသော စက်လှေ ၁၁ စင်း အား ဖမ်းဆီး

**ကျွန်းစု နိုဝင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ သစ်များ တရားမဝင်သယ်ဆောင်လာသော စက်လှေ ၁၁ စင်းအား သစ်တောဝန်ထမ်းများအဖွဲ့က နိုဝင်ဘာ ၁၀ ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီး အရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့နှင့် ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးဆောင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက်က တနင်္သာရီမြစ်ကြောင်းတစ်လျှောက်နှင့် ကျွန်းစုမြို့နယ် သဇင်ဘိနယ် ဇေးကမိချောင်းတစ်လျှောက် ချောင်းခွဲငယ် များအတွင်း စစ်ဆေးဆောင်ရွက်ကြစဉ် တရားမဝင် ငှက်ဆောင်းမျော သစ် ၇၀၆၃ လုံး တင်ဆောင်လာသော စက်လှေ ၁၁ စင်းအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သစ်ပိုင်ရှင်နှင့် စက်လှေပိုင်ရှင် များအား စုံစမ်းစစ်ဆေးလျက်ရှိပြီး ဖမ်းဆီးအရေးယူနိုင် ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မောင်သစ်တော)

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးလ်ဂိတ်အနီးတွင် မူဆယ်ဘက်မှ မန္တလေးဘက်သို့ ကျော်ထွေး မောင်းနှင်ပြီး လွင်မောင်လိုက်ပါသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ် လေစစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၀၀၊ ဆိုင်ကယ်နောက်ကြည့်မှန်နှစ်ဖက် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၁၆၆၀၀ သိမ်းဆည်းရမိ သဖြင့် ကျော်ထွေး (၂၈)နှစ်နှင့် လွင်မောင် (၄၀) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရသည်။

အလားတူ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ(၂) ဒေသ(၂) နယ်မြေ(၆) မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ ရက်က မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာအုပ်စု ပြင်ဖြူ လမ်းဆုံတွင် ဇော်ကိရာမောက်အား ရှာဖွေရာ ၎င်းထံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသုံး Robi မိုဘိုင်းဆင်းကတ် တစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိသဖြင့် ဇော်ကိရာ မောက်(၃၀) နှစ်အား ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မအရလည်းကောင်း၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာ ဥပဒေအရ လည်းကောင်း အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်က လားရှိုးမြို့နယ် မန်နားကျေးရွာ ရွာလယ်လမ်းမပေါ် နတ်စင်အနီး တွင် ဟူမွန်ကျေးရွာဘက်မှ မန်နား ကျေးရွာဘက်သို့ လီရှောက်ရှင်း မောင်းနှင်လာသော မော်တော် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်း၏ခါးပတ် အိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၁၆၆ ကီလိုနှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၁၆၀ တို့ကို သိမ်းဆည်းရမိသဖြင့် လီရှောက်ရှင်း (၃၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

(ကြေးမုံ)



ကျော်ထွေးနှင့် လွင်မောင်တို့ နှစ်ဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါး များနှင့်အတူ တွေ့ရစဉ်။

# ကျောက်တံခါးမြို့နယ်တွင် ဆိုင်ကယ်ခိုးယူသူနှင့် ပြန်လည်ရောင်းချပေးသူတို့အား ဖမ်းဆီးရမိ

**ကျောက်တံခါး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ်တွင် ဆိုင်ကယ်ပျောက်ဆုံးမှု နှင့်ခိုးယူမှုများ ဖြစ်ပေါ်နေခြင်းကြောင့် တရားခံများ ဖမ်းဆီးရမိရေး ပဲနွယ်ကုန်းမြို့မ စခန်းမှူးရဲအုပ်ဝင်းနိုင် ကြီးကြပ်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ည ၁၁ နာရီခွဲက သတင်းအရ ပဲနွယ်ကုန်းမြို့ သတိ ပဋ္ဌာန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အနီး စောင့်ဆိုင်းနေစဉ် ဆိုင်ကယ် တွန်းလာသူ တစ်ဦးအား စစ်ဆေးရာ ၎င်းမှာထွက်ပြေးသွား၍ လိုက်လံဖမ်းဆီး၍ စစ်မေးရာ ပြွန်တန်ဆာမြို့နေ ထွန်းထွန်းအောင် (၄၁) နှစ်ဆိုသူဖြစ်ကြောင်း သိရသည်။ ၎င်းထံမှ ဆိုင်ကယ်သော့အတုနှင့် ကတ်ကြေးတို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတွန်းယူလာသည့် Dayang 110 အနက်ရောင်ဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံ စွာ ပြောဆိုနိုင်ခြင်းမရှိသည့်အတွက် အရေးယူပေးပါရန် ရဲအုပ်မြတ်မင်းသူ က တရားလိုပြုလုပ်တိုင်တန်းခဲ့ သည်။

ဆက်လက်၍ ထွန်းထွန်းအောင် အား စစ်ဆေးမှုများ ပြုလုပ်ရာ ကျောက်တံခါးမြို့နယ် အတွင်းမှ လော့ဂျာဆိုင်ကယ် လေးစီး၊ ဖီလင် ဆိုင်ကယ်တစ်စီး၊ ကန်ဒါဆိုင်ကယ် တစ်စီး၊ ဒါယန်းဆိုင်ကယ်ကိုးစီး စုစုပေါင်း ၁၅ စီးကိုခိုးယူခဲ့ကြောင်း နှင့် ခိုးယူရရှိသည့်ဆိုင်ကယ်များအား ဒိုက်ဦးမြို့ မလေးစုရွာနေ ချစ်ဆန်း မောင်(ခ)ပီကေ (၃၃)နှစ်က ပြန်လည် ရောင်းချပေးကြောင်းသိရ၍ နိုဝင်ဘာ ၁၈ ရက်တွင် ဆိုင်ကယ် ၁၅ စီးအား ပြန်လည်သိမ်းဆည်းခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းတို့နှစ်ဦးအား ပဲနွယ်ကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

# အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးမှု ဖြစ်ပွား

**ကျောင်းကုန်း နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေတာကြီး ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာတွင် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ခန့်က အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်ညွှန့်အောင်သည် အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ မနှင်းလေး(ခ)နှင်းနန္ဒာလှိုင်(၃၀)နှစ်သည် နေအိမ်၌ ပိုတက်(ပိုးသတ်ဆေး)အား သောက်နေသည်ကို လယ်ထဲမှပြန်လာသည့် ခင်ပွန်းကတွေ့၍ ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဧဒတာနာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
❖ တောင်ကြီးမီးပုံးပျံပွဲတော်၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ်စမ်း(၄)ရက်၊ လွိုင်ကော်ပါ (၅)ရက်။
❖ ပုဂံ (စွယ်တော်လေးဆူ)၊ ပြည်ငါးပြည်၊ ပုပ္ပါး(၄)ရက် ❖ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း(၄)ရက်
❖ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက်။ ❖ ဆက်၍-ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ (၆)ရက်
ကားမျိုးစုံစီးလုံးငှားရမ်းနိုင်ပါသည် တန်ဆောင်တိုင်ပွဲတော်အထူးခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ အပတ်စဉ်-သောကြာ
Ph: 01-392704, 09 73017110, 09 785066657, 09 5066657

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁၂F၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၈၄၊ မြေကွက်တည်နေရာအမှတ်-၂၉၊ (၈၈)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ (ဦးဘကြူး)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးဘကြူး(ဖခင်)နှင့် ဒေါ်စောလု (မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့တွင် သားသမီး(၄)ဦးမွေးဖွားကြောင်း ကျမ်းကျိန်ကာ သား(၁)ဦးဖြစ်သူ ဦးတင်အောင်သည် (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သန်း [၇/ပတန(နိုင်)၀၁၇၇၇၂]၊ ဦးအုံးခိုင်[၁၂/မဂတ(နိုင်)၀၂၂၁၈၄]၊ ဦးစိုးလှိုင်မြင့် [၁၂/မဂတ(နိုင်) ၀၂၂၁၈၆]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ်(၁၀၉)၊ ပထမထပ်နေ(အဖ) ဦးမြင့်ဦး၏ သမီးဖြစ်သူ ဒေါ်နွယ်နွယ်ဦး[၁၂/ပဘတ(နိုင်)၀၁၇၁၄၃] နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နွယ်နွယ်ဦး[၁၂/ပဘတ(နိုင်)၀၁၇၁၄၃]ကိုင်ဆောင်သူမှ ၎င်း၏ သမီးဖြစ်သူ ဒေါ်အေးနွယ်ဝင်း(အဖ)ဦးလှဝင်း[၁၂/ပဘတ(နိုင်)၀၂၈၆၅၃] ကိုင် ဆောင်သူအား နိုတြီပဗ္ဗလစ် ဦးခင်မောင်စိန်၏ ရှေ့မှောက်တွင် ၂၃-၁၂-၂၀၁၂ စာအမှတ်-၁၀၂၁Aဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း LL.B (စဉ်-၄၁၇၃၄)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၅၀၃၀၂၃၄**

GOLDEN STAR Travels & Tours
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပဒုတ္တ Nov-20,25
❖ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Nov-20,25
❖ တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Nov-20,25
Ph:01-703448, 209200, 544383, 09-5081580

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ပေး ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရန်နိုင်စိုး[၁၂/အလန (နိုင်) ၀၃၄၄၇၂]၏ မလိခ(၅)၁၃၃၉၀ ရေယာဉ် လုပ်ငန်းလိုင်စင်စာအုပ် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၇၃၀၄၀၂၁၄**

# ရွှေဘိုဒေသ၌ရွှေဘိုပေါ်ဆန်မွှေး မိုးစပါးစိုက်ခင်းတစ်ချို့ ဆစ်ပိုး၊ ဖြုတ်ပိုးများ ကျနေ၍စပါးအထွက်နှုန်းလျော့နိုင်

**ရွှေဘို နိုဝင်ဘာ ၁၉**

ရွှေဘိုဒေသသည် သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေကိုရယူ၍ ကင်းတပ်ရေလွှဲဆည်နှင့် ကာဘိုးရေလွှဲဆည်တို့ဖြင့် စိုက်ပျိုးရေ အဖြစ် ခွဲဝေပေးလျက်ရှိရာ မိုးစပါးစိုက်ဧကပေါင်း ငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့သော်လည်း ရွှေဘိုပေါ်ဆန်မွှေး မိုးစပါးစိုက်ခင်း တစ်ချို့ ဆစ်ပိုး၊ ဖြုတ်ပိုးများ ကျရောက်နေ၍ သုံးနှစ်ဆက်တိုက် စပါးအထွက်နှုန်း လျော့ကျမည်ကို လယ်သမားများ စိုးရိမ်ပူပန်နေကြကြောင်း ဒေသခံလယ်သမား များက ပြောသည်။

အဆိုပါဒေသသည် နှေ့စပါး လယ်မြေဧကပေါင်း တစ်သိန်းခန့် စိုက်ပျိုးခဲ့သည့်အတွက် မိုးစပါးကို ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်းရောက်မှသာ စိုက်ပျိုးမှုပြီးစီးနိုင်ခဲ့ကြောင်း၊ မိုးစပါးကို လယ်မြေဧကပေါင်း ငါးသိန်းကျော် စိုက်ပျိုးခဲ့ရာ စိုက်ပျိုးမှုနောက်ကျခဲ့သည်အတွက် ဒီဇင်ဘာလလယ်ရောက်မှသာ မိုးစပါးများကို လှိုင်လှိုင်ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေဦးမြို့နယ် အုတ်ဖိုကျေးရွာ လယ်သမားတစ်ဦးက "အခုမိုးစပါးဖြစ်တဲ့ ရွှေဘိုပေါ်ဆန်မွှေးစပါးနှံတွေမှာ အနှံဖြူ(တံခွန်ဖြူ) အဖြစ်နှင့် အဆံမပါဘဲ ထွက်ရှိနေပါတယ်။ စပါးနှံ ၁၀၀ မှာ တံခွန်ဖြူအဖြစ်အနှံ ၃၀ သို့မဟုတ် ၃၅ နှံထိ ပါဝင်နေတဲ့အတွက် စပါးအထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်ပူပန်နေပါတယ်" ဟု ပြောသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ လယ်သမားတစ်ဦးက "အခုမိုးစပါးဖြစ်တဲ့ ရွှေဘိုပေါ်ဆန်မွှေးစိုက်ခင်းတွေမှာ ဖြုတ်ပိုးကောင်တွေ နည်းနည်း တွေ့ရှိနေရလို့ ပိုးသတ်ဆေးဝယ်ယူပြီး ဆေးဖြန်းနေရပါတယ်။ လယ်တစ်ဧကကို ဆေးဘိုးနဲ့ လုပ်အားခ ကုန်ကျငွေ ကျပ်သုံးသောင်းကျော် လေးသောင်းလောက်ကုန်ကျနေပြီး သုံးနှစ်ဆက်တိုက် စပါးအထွက်နှုန်းလျော့ကျမည်ကို စိုးရိမ်ပူပန်နေရပါတယ်" ဟုပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ရွှေဘိုဒေသ၌ မိုးစပါးစိုက်ခင်းတစ်ချို့ ဆစ်ပိုး၊ ဖြုတ်ပိုးများ ကျရောက်နေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူ တစ်ဦးက "မိုးစပါးစိုက်ခင်း တစ်ချို့ ဆစ်ပိုး၊ ဖြုတ်ပိုးများ ကျရောက်နေတာဟုတ်ပါတယ်။ ရွှေဘိုပေါ်ဆန်မွှေးစိုက်ခင်းတွေမှာလဲ စိုက်ခင်းတိုင်းတော့ ပိုးမကျပါဘူး။ ယခင်နှစ်တွေထက် ပိုးကျရောက်မှုနည်းပါးတဲ့အတွက် စပါးထွက်နှုန်းလဲ အရင်နှစ်တွေလို ထိခိုက်မယ်မထင်ပါဘူး။

"ကြိုတင်ကာကွယ်မှုပြုလုပ်ထားတဲ့ လယ်တွေကတော့ ပိုးကျရောက်မှုမရှိသလောက်ပါပဲ။ ကြိုတင်ကာကွယ်မှုကတော့ စပါးရိတ်သိမ်းပြီးစ ကောက်ခြေပြတ်မှာ ရိုးပြတ်တွေကို မီးရှို့ပြီး လယ်မြေကို ထယ်ထိုးမြေလှန်ပြီး နေလှမ်းထားနိုင်ရင် အကောင်းဆုံးပါ။ လယ်မြေတွေကို နှေ့နဲ့ မိုးစပါးအဖြစ် နှစ်သီးစိုက်ပျိုးခဲ့ပြီး လယ်မြေကို အနားမပေးခဲ့လို့လည်းဖြစ်နိုင်ပါတယ်။

"နောက်ပြီး သဲမြေဆန်တဲ့မြေထက် နုန်းမြေဆန်တဲ့လယ်မြေက ပိုပြီး ပိုးမွှားကျရောက်တတ်ပါတယ်။ ငွေကြေးကုန်ကျသက်သာတဲ့ ဆေးရွက်ကြီး ရေစိမ်ရည်ဖြင့် လည်းကောင်း၊ တမာရွက်၊ တမာခေါက်၊ တမာသီး ပြုတ်ရည်တို့နဲ့ ပက်ဖြန်းပေးနိုင်ရင်လဲပိုးမွှားကျရောက်မှုကို ကြိုတင်ကာကွယ်နိုင်ပါတယ်" ဟုပြောသည်။ **ရောင်နီတင်ဝင်း**



## မင်းတပ်မြို့နယ်၌ပြန်လည်ထူထောင်ရေးထောက်ပံ့ငွေများပေး

**မင်းတပ် နိုဝင်ဘာ ၁၉**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုအများဆုံးဖြစ်သည့် မင်းတပ်မြို့နယ် ဟီးလောင်းအုပ်စုအတွင်းရှိ ဟီးလောင်းကျေးရွာ၊ ချွတ်ကျေးရွာ၊ ခုံအိမ်ကျေးရွာတို့တွင် နေအိမ်များ ပျက်စီးသည့်နေအိမ် ၂၄အိမ်မှ ပြည်သူများကို နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ငွေများကို မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးငွေဒိုးက ဦးဆောင်၍ နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက နေအိမ်ပျက်စီးသည့် ကျေးရွာနေပြည်သူများသို့ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဟီးလောင်းကျေးရွာမှာ ရွာလုံးပြောင်းရွှေ့ရမည့် အခြေအနေရှိသဖြင့် ပြောင်းရွှေ့ရန်အတွက် ရွေးချယ်ထားသည့် မြေနေရာများကို သွားရောက်ကြည့်ရှုခဲ့ကြ ကြောင်းသိရသည်။

"အစိုးရအဖွဲ့အစည်းတွေနှင့် NGO အဖွဲ့အစည်းတွေက အခုလို ထောက်ပံ့ရေးပစ္စည်းတွေကို မကြာခဏဆိုသလို လာရောက်ပို့ဆောင်ကြတာ အရမ်းပဲဝမ်းသာမိပါတယ်၊ ကျွန်တော်တို့ရွာက ရွာလုံးကျွတ် ပြောင်းရမှာဖြစ်တာကြောင့် အခုလို ထောက်ပံ့ရေးပစ္စည်းတွေက အများကြီး အထောက်အပံ့ဖြစ်စေပါတယ်"ဟု ဟီးလောင်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးအွမ်နိုင်းက ပြောသည်။ **ခရိုင်(ပြန်/ဆက်)**

## ရေးမြို့၌မြတ်ဗုဒ္ဓနှင့်တေဒဂ်ရ ရဟန္တာ၄၁ပါးကိုလှည့်လည်အပူဇော်ခံမည်

**ရေး နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင်ဘုရားဖြစ်သော သာသနာ၂၅၀၀ စေတီရေလယ်ဘုရား၌ ပူဇော်ထားရှိသော မြတ်ဗုဒ္ဓနှင့်တေဒဂ်ရ ရဟန္တာ၄၁ပါးအား မြို့ပေါ်ရပ်ကွက်များသို့ တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ လပြည့်နေ့ညအထိ သုံးညတိုင်တိုင် စည်းကားသိုက်မြိုက်စွာ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သာသနာ ၂၅၀၀ စေတီ ရေလယ်ဘုရား၌ တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက်တွင် အရဟံဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပြီး ရေသပ္ပာယ်ကြမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များမှ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ဝင်များက မြတ်ဗုဒ္ဓနှင့်တကွ တေဒဂ်ရရဟန္တာ ၄၁ ပါးအား လာရောက်ပင့်ဆောင်သွားကြမည်ဖြစ်ကာ မိမိတို့ရပ်ကွက်ရှိ ယာယီစံကျောင်းတော်အသီးသီးတွင်လည်း သုံးညတိုင်တိုင် အပူဇော်ခံကြမည်ဖြစ်သည်။

ထိုသို့ ယာယီစံကျောင်းတော်အသီးသီးတွင် အပူဇော်ခံပြီးနောက် မြို့ပေါ်ရပ်ကွက်အသီးသီးသို့ ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံမည်ဖြစ်ရာတွင်လည်း ဂေါပကအဖွဲ့ဝင်များက ကြီးမှူး၍ မင်္ဂလာစည်တော်တေးသံသာအဖွဲ့ဝင်များ၊ ယောဂီအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေးယိမ်းအကအလှများပါဝင်မည်ဖြစ်ကြောင်း အဆိုပါဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ထွန်းထွန်း(ရေး)**

## ဒက္ခိဏသီရိမြို့နယ်တွင် ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ) သင်းတန်းဆင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီကကျင်းပရာ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဒေါ်လှိုင်လှိုင်ဌေး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ပညာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘသစ်နှင့် ဒက္ခိဏသီရိမြို့နယ် ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဦး၊ နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး ပထမတန်း ဦးတင်ဌေး တို့က အမှာစကားများအသီးသီး ပြောကြားခဲ့ကြကြောင်း သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၁၀ တို့အား ကြက်ခြေနီ နည်းပြသင်တန်းဆင်း တပ်ဖွဲ့ဝင်ဆရာ၊ ဆရာမခြောက်ဦးတို့က လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပြန့်နှံ့ခြင်းစသည့် အခြေခံမှုများအား ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

ကျောင်းတွင်း၊ ကျောင်းပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရရှိလာလျှင် စနစ်တကျ ပြုစုပြီး ဆေးရုံ၊ ဆေးပေးခန်းများသို့ ပို့ဆောင်ပေးနိုင်ရန်နှင့် လူမှုကရုဏာစိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်နိုင်ရန်အတွက် နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းများကို နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင်ဖွင့်လှစ်သင်ကြားပေး လျက်ရှိသည်။ **သန့်မောင်**

## ယခုနှစ်မိုးရွာသွန်းမှုကောင်း၍စိုက်ပျိုးသီးနှံများဖြစ်ထွန်းမှုရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မေလလယ်ခန့်က စတင်စိုက်ပျိုးခဲ့ကြသော ပဲစင်းငုံသီးနှံများနှင့် ပဲတီစိမ်းသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကာ ပဲစင်းငုံသီးနှံမှာ အပွင့်များလှိုင်လှိုင်ပွင့်ဝေနေကြ၍ မြို့နယ်အတွင်းနေရာဒေသအနှံ့ ပဲစင်းငုံတောကြီးများဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်တွင် ၂၀၁၅-၂၀၁၆ မိုးရာသီ စိုက်ပျိုးသီးနှံအဖြစ် ပဲစင်းငုံစိုက်ဧကကို ၉၅၀၀၀ ကျော် စိုက်ပျိုးရန် လျာထားခဲ့သော်လည်း စုစုပေါင်း ၉၄၄၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်၏ ၉၉ ဒသမ ၄၁ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယခုအခါ နှမ်းသီးနှံနှင့်ရောစပ်၍ နှစ်သီးစား စိုက်ပျိုးခဲ့ကြသည့် ဒေသအချို့တွင် သီးနှံများ စတင်ရိတ်သိမ်းနေပြီဖြစ်ပြီး ပေါ်ဦးပေါ်ဖျားဈေးမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကြက်မောက်တောင်ဆည်ရေသောက် ဒေသများဖြစ်သော်လည်း ဆည်ရေ လုံလောက်မှုမရှိသဖြင့် မိုးစပါးစိုက်ပျိုးနိုင်ခြင်းမရှိသော သရက်တော၊ ဆည်းကန်နှင့် မကျီးကုန်းကျေးရွာအုပ်စု အစရှိသည့် ကျေးရွာများတွင် မိုးစပါးအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခဲ့ကြသည့် ပဲတီစိမ်းသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



လျာထားချက်ဖြစ်သည့် ဧက ၁၃၆၀၀ ကို ကျော်လွန်၍ စုစုပေါင်း ၁၄၁၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၀၃ ဒသမ ၉၃ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ရာ ပဲတီစိမ်း ယခုလက်ရှိပေါက်ဈေးမှာ ၁၉ ပိဿာဝင် တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဈေးရရှိလျက်ရှိသည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်း ယခုနှစ် မိုးလယ်နှင့် မိုးနှောင်း ရွာသွန်းခဲ့သောမိုးများကြောင့် ဒေသတွင်းသီးနှံများ ဖြစ်ထွန်းအောင်မြင်၍ထွက်ရှိသည့်သီးနှံများကိုလည်းဈေးကောင်းဖြင့် ရောင်းချနိုင်ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## တွံတေးမြို့နယ်၌ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ( OSS) ရုံးဖွင့်လှစ်

**တွံတေး နိုဝင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးခင်မောင်ဆွေ၊ မြို့နယ် လ-ဝ-က ဦးစီးမှူး ဦးဇော်မြင့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းက ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ထူထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်လေးရပ်အကြောင်းနှင့် ပြည်သူများက အစိုးရဌာနနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းမှု ပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ဖွင့်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ OSS ရုံးတွင် ပါဝင်သောဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ ၁၁ ခုဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့အတွက် OSS ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့နယ်ရှိ ပြည်သူများ၏ လိုအပ်ချက်များကို တစ်နေရာတည်း၊ တစ်စုတစည်းတည်း အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ကျွန်းလှမြို့နယ်၌လယ်မြေများစိုက်ပျိုးခြင်းကြောင့်ယာသီးနှံများအထွက်လျော့နည်းနိုင်

**ကျွန်းလှ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှ မြို့နယ်အတွင်းရှိ တောင်သူများ၏ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သည့်အတွက် ယခုနှစ်တွင် မိုးကောင်းသောကြောင့် လယ်မြေများ စိုက်ပျိုးရသော်လည်း ယာသီးနှံများအထွက် လျော့နည်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေကို မြို့ဟောင်းက လယ်ယာမြေများအစား မြို့သစ်ပိတောက်မြိုင်ကွင်းမှာ အစားထိုးပေးခဲ့ပါတယ်။ အစားရရှိတဲ့မြေတွေကို ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးရာမှာတစ်နှစ်၊ နှစ်နှစ်ပဲ လယ်စိုက်ရပါတယ်။

"ပြီးခဲ့တဲ့နှစ်တွေက မိုးခေါင်လို့ လယ်မစိုက်ပျိုးရဘဲ ယာသီးနှံကို အားကိုးစိုက်ပျိုးကြရပါတယ်။ အခုနှစ်မှာ မိုးကောင်းတော့ အရင်မစိုက်ခဲ့ရတဲ့ လယ်မြေတွေပါ စိုက်ရတဲ့အတွက် လယ်ရှစ်ဧက စိုက်ပျိုးပြီး ရိတ်သိမ်းရတော့မှာပါ" ဟု တောင်သူ ဦးနော်နော်က ပြောပြသည်။

ထို့အပြင် ယာသီးနှံအဖြစ် ပဲစင်းငုံ၊ ဆောင်မြေပဲ၊ နှမ်း၊ ပြောင်း၊ မတ်ပဲတို့ကို စိုက်ပျိုးထားကြောင်း၊ မိုးရွာသွန်းမှုများသည့်အတွက် အပင်ပေါက်ချိန် စိမ့်ကိုင်ပြီး အပင်ကြီးထွားခြင်းမရှိသောကြောင့် ယခုနှစ်တွင် ယာသီးနှံအထွက် လျော့နည်းမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောပြခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

**(၁၄)ဌာနခွဲဝေအုပ်ချုပ်**

သီပေါမင်းလက်ထက် ၁၂၄၀ ပြည့်နှစ်တွင် နိုင်ငံအုပ်ချုပ်ပုံကို မှူးမတ်များ စည်းဝေးတိုင်ပင်ပြီး ပြုပြင်ပြောင်းလဲမှုများ ရှိလာသည်။ တောင်ဥယျာဉ်အတွင်း စံနန်းတော်ကို အစည်းအဝေးရုံးပြုလုပ်ပြီး အစည်းအဝေးဝင် မှူးတော် မတ်တော်တို့ တိုင်းရေးပြည်ရေး စီရင်ခင်း စီရင်ဖွယ်များ နေ့စဉ်ဝင်ရောက်ညှိနှိုင်းစည်းဝေးကြရသည်ဟု မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင် ဖော်ပြပါရှိသည်။ သီပေါမင်းလက်ထက်တွင် ဌာနတွေ ခွဲဝေအုပ်ချုပ်လာသည်။ ၁၄ ဌာန ရှိသည်။ ရှေးအခါက အစည်းအဝေးဝင် မှူးမတ်ဟူ၍ သီးခြားထားလေ့ မရှိပေ။ လွှတ်တော်မှာသာ အစဉ်အလာ စည်းဝေးကြသည်။ ပြီးလျှင် ဗြဲတိုက်တွင် စည်းဝေးကြရသည်။ ပြီးမှ ဘုရင်ရှေ့တော်တစ်ကြိမ် စည်းဝေးရခြင်းဖြစ်သည်။ သီပေါမင်းလက်ထက်၌ မှူးမတ် ၆၃ ဦး အရေအတွက်ရှိသည်။ ပထမအစည်းအဝေးဝင်၊ ဒုတိယအစည်းအဝေးဝင်၊ တတိယအစည်းအဝေးဝင် သုံးမျိုးခွဲခြား သတ်မှတ်ခဲ့သည်။ ပထမအစည်းအဝေးတွင် တာဝန်ခံအရာရှိကြီး ၁၅ ဦး၊ အမှုဆောင်အရာရှိလတ်နှစ်ဦးထားသည်။ တာဝန်ခံအရာရှိကြီး ၁၅ ဦးမှာ ဝန်ကြီး၊ အတွင်းဝန်၊ မြို့ဝန်များနှင့် လွှတ် တော်ဝန်ထောက်များပါဝင်ကြသည်။ အမှုဆောင်အရာရှိနှစ်ဦးမှာ ဝန်စုရနှင့် တွဲသော သံတော်ဆင့်နှစ်ဦးပါဝင်သည်။

ဒုတိယအစည်းအဝေးဝင် အမှုးမတ်များမှာမြင်းစုဝန်၊ သူရဲဝန်ကဲ့သို့ ကြီးသောဝန်စုများပါသည်။ တတိယအစည်းအဝေးမှာ ဝင်းမှူးများ၊ ဝန်စုရများ၊ စစ်ဗိုလ်များပါသည်။ အနိမ့်ဆုံး တံခါးနီးမှူးပါသည်။ ယင်းကဲ့သို့ အစည်းအဝေးတွင် မှူးမတ်တို့က ၁၀ ဌာနခွဲခြားပြီးလျှင် နိုင်ငံအုပ်ချုပ်မှု နည်းလမ်းကို ပြဋ္ဌာန်းကြခြင်းဖြစ်၏။ ယင်း ၁၀ ဌာနတွင် တစ်ဌာန အရာရှိကြီး၊ အရာရှိလတ်၊ အရာရှိငယ် ၄၀ ကျော် ပါဝင်၏။

ဥပဒေပြု အစည်းအဝေး မှူးမတ်အရာရှိတို့သည် နိုင်ငံတော်အုပ်ချုပ်ရေးကို အလုပ်သဘောဖြင့် ဌာနခွဲများခွဲဝေပြီးလျှင် သက်ဆိုင်ရာဌာနချုပ်ဝန်ကြီးများနှင့် အုပ်ချုပ်စီမံသွားနိုင်ရန် ၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့် ကျော် ၃ရက်တွင် တောင်ဥယျာဉ်တော် အစည်းအဝေး၌ မှူးမတ်အရာရှိတို့ စုံညီစည်းဝေးပြီးလျှင် ၁၄ ဌာနခွဲဝေ သတ်မှတ်ကြ၏။

၁။ လယ်ယာဆည်မြောင်းဌာနတွင် ရေနံချောင်းမြို့စားဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်၊

၂။ လမ်းပန်းနှင့် အဆောက်အအုံဆိုင်ရာ လက်အလုပ်ဌာနတွင် ခန်းပတ်မြို့စား ဝန်ကြီးသတိုးမင်းကြီး မင်းလှမဟာ ဥဇနာ၊

၃။ ကုန်းကြောင်းစစ်ဘက်ဌာနတွင် လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး သတိုးမင်းကြီးမဟာမင်းလှ စည်သူ၊

၄။ အခွန်တော်နှင့် ကူးသန်းရောင်းဝယ်ရေးဌာနတွင် ဝက်မစွတ်မြို့စား သတိုးမင်းကြီးမဟာမင်းခေါင်သီဟသူ၊

၅။ သာသနာပညာဌာနတွင် အတွင်းဝန်ဆောမြို့စား မင်းကြီးမဟာမင်းထင်သခ်ယာ၊

၆။ ငွေတော် စပါးတော် နှစ်စာ၊ လစာပေး ပုရိသမေဓဌာနတွင် အတွင်းဝန်ယောမြို့စား မင်းကြီးမင်းခေါင်ကျော်၊

၇။ သဿမေဓ အခွန်တော်ကောက်ခံရေးဌာနတွင် အတွင်းဝန် ရွှေတိုက်ဝန်တောင်ခွင်မြို့စား မင်းကြီးမင်းခေါင်ကျော်၊

၈။ ရွှေမြို့တော်တွင်း ရာဇဝတ်ဌာနတွင် မြို့သာမြို့စား မင်းကြီးမဟာမင်းလှမင်းခေါင်သူရိန်၊ မြို့ဝန်စုန်းမြို့စား မဟာမင်းထင်စည်သူ၊

၉။ တရားဌာနတွင် ဝန်ထောက်မင်းကြီး သီရိမဟာရာဇသင်္ကြန်၊

၁၀။ ရေကြောင်းစစ်ဘက်ဌာနတွင် ဝန်ထောက်လှိုင်းတက်မြို့စား မင်းကြီးမဟာမင်းခေါင်သခ်ယာ၊

၁၁။ နိုင်ငံခြားရေးနှင့် ကြေးနန်းဌာနတွင် ဝန်ထောက်မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယျသူ၊

၁၂။ တွဲဖက်ရုံးနှင့် ရွှေမြို့တော်ရှိ နိုင်ငံခြားသားများ အုပ်ထိန်းရေးဌာနတွင် ဝန်ထောက်ပတ္တနဂိုရ်မြို့စား မင်းကြီး မဟာမင်းထင်ရာဇာ၊

၁၃။ နိုင်ငံတွင်း ရာဇဝတ်မှုစီရင်ရေးနှင့် မြို့ရေးရွာမှုဌာနတွင် ဝန်ထောက်မြို့သစ် မြို့စားမင်းကြီးမဟာမင်းလှမင်းခေါင်၊

၁၄။ စက်မှုဌာနတွင် ဝန်ထောက်ရန်အောင်မြင်မြို့စား မင်းကြီးမင်းခေါင်တို့က အကြီးအချုပ်ပြုလုပ်ကြရ၏။

သီပေါမင်းလက်ထက်(၁၄)ဌာန အလုပ်ခွဲဝေပုံစနစ်သတ်မှတ်ခဲ့ရာတွင် လုပ်ငန်းဌာနများကို ကြည့်ရှုပါက ကန်၊ ချောင်း၊ ဆည်မြောင်းများ ဆည်ဖို့စီမံမှု၊ ကျောက်လမ်းသစ်ဖောက်လုပ်မှု၊ ကြေးနန်းနှင့် သတင်းစာတိုက် တည်ထောင်မှု၊ သူအို၊ သူနာများပြုစုစောင့်ရှောက်မှု စသည့် ရပ်ရွေး၊ ရွာရေး၊ စည်ပင်သာယာရေးလုပ်ငန်းများကား သီပေါမင်းလက်ထက် နိုင်ငံတော်တိုးတက်အောင် စီမံခန့်ခွဲမှုဟု ဆိုရမည်ဖြစ်၏။



**စာပုံနှိပ်စက်ရုံတော်**

ထို့ပြင်နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး အစီအမံများအဖြစ် ကုန်းကြောင်း၊ ရေကြောင်းစစ်ဌာန ခွဲဝေထားခဲ့၏။ ကြည်းတပ်၊ ရေတပ် အစီအမံဟုဆိုသင့်၏။ နိုင်ငံခြားရေးဌာနဟူ၍ တွေ့ရသည်မှာလည်း ကမ္ဘာနှင့် ဆက်ဆံရေးအမြော်အမြင်ကြီးမားသော အစိုးရဖွဲ့စည်းထားပုံပင်ဖြစ်၏။ ဤနေရာတွင် ရတနာပုံခေတ် သတင်းစာတိုက်လုပ်ငန်းများ မင်းတုန်းမင်းလက်ထက်၌ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး စာပုံနှိပ်စက်ရုံတော်ကို ရွှေနန်းတော်ကြီးမြောက်ဥယျာဉ် တော်အတွင်းတွင် တည်ထားခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြ၏။

ယင်းစာပုံနှိပ်စက်ရုံတော်မှ ၁၃၂၆ ခုနှစ်တွင် ယောအတွင်းဝန်မင်းပြုစုစီရင်သော ကာယာနုပဿနာကျမ်းကို စတင်ပုံနှိပ်ခဲ့သည်ဟု သိရ၏။ ဆရာဇေယျ သုတေသနပြုချက်အရ ကာယာနုပဿနာကျမ်းထက် အဿဘေဒကျမ်းက အရင်ကျသည်ဟု ဖော်ပြထား၏။ အဿဘေဒကျမ်းမှာ မြင်းအမျိုးမျိုးတို့၏ အစွမ်း သတ္တိ အသွေးအမွေး ခွဲခြမ်းစိတ်ဖြာသုတေသနပြုတင်ပြထားသည့် ကျမ်းဖြစ်၏။ သက္ကရာဇ် ၁၂၃၃ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့ ရွှေနန်းတော်ကြီး မြောက်ဥယျာဉ်တော်အတွင်း စာပုံနှိပ်စက်ရုံတော်တွင် စာပုံနှိပ်စက်ဆရာ ရွှေသာပုံနှိပ်သည့် အဿဘေဒကျမ်းဟု ပါရှိသောကြောင့်ဖြစ်၏။

မင်းတုန်းမင်းခေတ် ရတနာပုံနေပြည်တော် သတင်းစာကိုမူ ၁၂၃၆ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့မှစ၍ ထုတ်ဝေကြောင်း ရွှေကိုင်းသားပြုစုသည့် နှစ် ၁၀၀ မန္တလေး စာမျက်နှာ ၂၂၆ တွင် ဖော်ပြပါရှိသည်ကို လေ့လာနိုင်ကြ၏။ စင်စစ်ရတနာပုံနေပြည်တော် သတင်းစာတိုက်မှာ ရွှေမြို့တော်အနောက်ပြင် ပြည်ကြီးကျက်သရေရပ် ရွှေကျီးမြင်ဘုရား တောင်ဘက်အထွက်တွင် တည်ရှိခဲ့ကြောင်း မှတ်သားရသည်။ သတင်းစာကို နေမျိုးသီဝသိဒ္ဓိဘွဲ့ရ ဦးအဟီး(တရုတ်မြန်မာကပြား)က အုပ်ချုပ်၍ ဘိုးဝဇီရဟု ထင်ရှားမည့် စာရေးတော်ကြီး (အမည်ရင်းမောင်လွင်) က လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ထုတ်ဝေခဲ့သည်။ သတင်းစာအရေးအသားမှာ ထိုခေတ်က မြန်မာတို့ အကြိုက်ဖြစ်သော ကဗျာ၊ လင်္ကာသွားဖြင့် ကာရန်နဘေများ ထည့်သွင်းရေးသားသတင်းပေးသည့် အရေးအသား ရှေးပုံစံဖြစ်၏။ မန္တလေးနေပြည်တော်သတင်း၊ နိုင်ငံခြားသတင်း၊ ကြေးနန်းသတင်းတို့ဖြင့် သတင်းစာတစ်စောင်၏ အင်္ဂါရပ်နှင့်အညီ ရိုက်နှိပ်ထား၏။ သတင်းစာ၏ အခွင့်အလမ်းနှင့် ပတ်သက်၍လည်း မင်းတုန်းဘုရင်က ငါမကောင်းလျှင် ငါ့ကိုရေး၊ မိဖုရားမကောင်းလျှင် မိဖုရားကိုရေး၊ ငါ့သားသမီးတွေမကောင်းလျှင် သားသမီးတွေကိုရေး၊ လွှတ်တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့ဝန်မင်းမကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေဟူသော အမိန့်ကိုလည်း ထုတ်ပေးထားကြောင်း မှတ်သားရ၏။

သတင်းစာ၏အခွင့်အလမ်းနှင့်ပတ်သက်၍လည်းမင်းတုန်းဘုရင်က ငါမကောင်းလျှင် ငါ့ကိုရေး၊ မိဖုရားမကောင်းလျှင် မိဖုရားကိုရေး၊ ငါ့သားသမီးတွေ မကောင်းလျှင် သားသမီးတွေကိုရေး၊ လွှတ်တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့ဝန်မင်းမကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့ သတင်းစာ၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိဝင်ထွက်စေဟူသော အမိန့်ကိုလည်း ထုတ်ပေးထားကြောင်းမှတ်သားရ၏။

သီပေါမင်းနန်းတက်စ (၁၄)ဌာနဝေပုံချရာတွင် သတင်းစာတိုက်တည်ထောင်လုပ်ဆောင်ရန်အမှုကို ၃၃ ခုမြောက်ဖြစ်သော တေရသမဝေပုံတွင် ထည့်သွင်းထား၏။ ဝန်ထောက်မြို့သစ်မြို့စား မင်းကြီးမဟာလှမင်းခေါင်ကို အုပ်ချုပ်ကွပ်ကဲစေ၏။ မန္တလေးခေတ်တွင် စာပုံနှိပ်စက်များ ပေါ်ပေါက်လာသဖြင့် စာပေအဆင့်အတန်းလည်း မြင့်မားလာ၏။ စာပေသည် အထူးထိရောက်သော လက်နက်ဖြစ်ရာ ယခင်က ပေပေါ်၊ ပုရပိုက်ပေါ် ရေးသားမှတ်တမ်းတင်နေရာမှ ပုံနှိပ်စာလုံးများကြောင့် စည်းရုံးရေး တွင်ကျယ်လာသည်ဟု ဆိုနိုင်ပေသည်။

သီပေါမင်း နန်းတက်ပြီးနောက် မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံတော်အဖြစ် ပညာရှိဝန်ကြီး၊ မှူးမတ်တို့ ကြိုးပမ်းခဲ့ကြပါ၏။ အနောက်နိုင်ငံများသို့ သံကြီး၊ တမန်ကြီးများအဖြစ် သွားရောက်လေ့လာခဲ့ရသောကြောင့် အတွေ့အကြုံများရှိနေ၏။ နိုင်ငံရေးအမြင်ကျယ်လာ၏။ ထို့အနက် ယောမင်းကြီးဦးဘိုလှိုင်မှာ ခေတ်မီနိုင်ငံတော်၊ စက်မှုနိုင်ငံတော် တည်ထောင်လိုသော ပညာရှိသုခမိန်ဝန်ကြီးတစ်ဦးအဖြစ် ထင်ရှား၏။ သူ၏ရာဇဓမ္မသင်္ဂဟကျမ်းမှာလည်း သီပေါမင်းလက်ထက် ပြုစုရေးသားခြင်းဖြစ်၏။ ထို့ကြောင့် သီပေါမင်းလက်ထက်တွင် နိုင်ငံစီရင်အုပ်ချုပ်ရေးသည် တစ်ဦး တစ်ယောက်ကောင်းသဘော မဟုတ်တော့ဘဲ ဥပဒေပြုမှူးမတ် အစည်းအဝေးခေါ် ဥပဒေစည်းကမ်းများ ပိုင်းခြားပြဋ္ဌာန်းပြီးမှ စီမံခန့်ခွဲသောစနစ်သို့ ဦးတည်လာခြင်းဖြစ်၏။

ထို့နောက် ပုဒ်မ၊ ကဏ္ဍပိုင်းခြားပြီးလျှင် စက္ကူပေါ် ပုံနှိပ်ဝေငှကမ်းလှမ်းလာသည့်အဆင့် ရောက်လာခဲ့၏။ ဘဏ္ဍာတော်ရေးနှင့် ပတ်သက်၍လည်း ရှေးကကဲ့သို့ မြို့စား၊ ရွာစားစသည်တို့နှင့် မပြီးစေဘဲ အကောက်ခွန်ခွဲဝေသတ်မှတ်ပြီးလျှင် တစ်နှစ်လျှင် တစ်နိုင်ငံလုံး အခွန်တော်မည်မျှ နိုင်ငံတော်အသုံးစရိတ်မည်မျှ စသည်ဖြင့် ရန်ပုံငွေနှင့်ထား၍ စည်းကမ်းအရ သုံးစွဲလာသည့်စနစ် ထူထောင်ခဲ့၏။ ထို့ပြင် အစိုးရအမှုထမ်း၊ အရာထမ်း စစ်တပ်ကိုလည်း ယခင်ကကဲ့သို့ မြို့ရွာမှ ထင်သလို မကောက်ယူစေဘဲ လစာများထုတ်ပေး၏။ စစ်တပ်ကိုလည်း ယခင်ကကဲ့သို့ အကြောင်းရှိမှ တပ်ကြီး၊ တပ်ဖွဲ့ပိုင်မဖွဲ့ဘဲ တပ်အသီးသီး၊ ဗိုလ်အသီးသီးခန့်ထားသည့်ပြင် လက်နက်ရိက္ခာ၊ တပ်ဝတ် တပ်စား၊ တပ်အသုံးအဆောင် စသည်တို့ကို စနစ်တကျ စီစဉ်ထားရှိ၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

## ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မြင်းမူ နိုဝင်ဘာ ၁၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ပဲကူကျေးရွာ အခြေခံအထက်တန်းကျောင်းတို့တွင် ကျောင်းဆောင်သစ်များဆောက်လုပ်နေမှုအား နိုဝင်ဘာ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုနှင့်စပ်လျဉ်း၍ မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်များ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ မြင်းမူမြို့ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၏ အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်သစ်သည် ၈၀ ရာခိုင်နှုန်းနှင့် ပဲကူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ အလျား ပေ ၉၀၊ အနံ ပေ ၃၀ရှိကျောင်းဆောင်သစ်သည် ၇၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး အဆိုပါကျောင်းဆောင်သစ်များကို Data Myanmar ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး**

## စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်

**ကျောက်မဲ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၈ ရက်က တံခွန်တိုင်ကျေးရွာအုပ်စု ခဲမွန်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သိန်းသန်းဌေးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက တံခွန်တိုင်ကျေးရွာအုပ်စု ခဲမွန်အခြေခံပညာမူလတန်းကျောင်းသို့ ကွင်းဆင်း၍ ပြည်သူများ စာဖတ်သည့်အလေ့အထရှိစေရန်၊ စာပေဗဟုသုတ ပိုမိုရရှိစေရန်နှင့် စာတတ်သူတိုင်း စာဖတ်နိုင်ရေးအတွက်ရည်ရွယ်ကာ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

**(မြင့်အောင်)**

**ဖတ်စရာ၊ မှတ်စရာ**

# အလုပ်အကိုင်အခွင့်အလမ်းများပေးသည့်မန္တလေးဂေါ်ဝိန်ဆိပ်ကမ်း

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးဂေါ်ဝိန်ဆိပ်ကမ်းသည် သန့်ရှင်းသာယာလာကာ ကွင်းပြင်ကျယ်ဖြင့် ကုန်စည်သယ်ယူပို့ဆောင်မှုကောင်းမွန်သော အဓိကဆိပ်ကမ်းတစ်ခုပင်ဖြစ်သည်။ ဒေသအသီးသီးမှလုပ်သားများစွာကို အလုပ်အကိုင်အခွင့်အလမ်းများပေးထားနိုင်သည့် ဆိပ်ကမ်းဖြစ်ပြီး လူများစွာ လာရောက်လုပ်ကိုင်လျက်ရှိသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါ်ဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သော ဆိပ်ကမ်းဖြစ်ပြီး အမျိုးစုံသော ကုန်စည်များကို ထိုဆိပ်ကမ်းမှ သယ်ကြသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။



လက်ရှိကာလတွင် ဧရာဝတီမြစ်ရေကျချိန်တွင် ကုန်ကားများ အောက်ထဲအထိဆင်းကာ သင်္ဘောနှင့် အနီးဆုံးနေရာတွင် ရပ်ထားပေးနိုင်မှုကြောင့် ကုန်စည်အတင်အချ မြန်ဆန်လျက်ရှိသည်။

ဂေါ်ဝိန်ဆိပ်မှသင်္ဘောများသည် အထက်ပိုင်းဗန်းမော်၊ ကသာနှင့် အောက်ပိုင်း ကလေး၊ တမူးထိ ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလေ့ရှိသည်။ လက်ရှိကာလ ပွင့်လင်းရာသီတွင် ကုန်စည်များပေါများပြီး အတင်အချမြန်ဆန်လျက်ရှိသည်။

အလုပ်သမားအင်အားများစွာကို အလုပ်အကိုင်အခွင့်အလမ်း ပုံမှန်ပေးထားသည့်အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်ကြပြီး တစ်နေ့လျှင်ပျမ်းမျှငွေကျပ် ခုနှစ်ထောင်မှ တစ်သောင်းကျော်ထိ ရရှိကြသည်။

ဆိပ်ကမ်းလုပ်သားလူငယ်များမှာ ပွင့်လင်းရာသီတွင် အလုပ်အားသည့်အချိန် ခဏနားသည့်အချိန်ကလေးများကိုပင် ဘောလုံးကစားခြင်းကို နှစ်သက်ခုံမင်စွာ ပြုလုပ်လာကြသည်။ အားကစားဘက်တွင် စိတ်အားထက်သန်ခြင်းနှင့်အတူ အလုပ်ကိုတွင်ကျယ်စွာလုပ်ကိုင်လာနိုင်ကြသည်။ ဂေါ်ဝိန်ဆိပ်ကမ်းမှာ ကွင်းပြင်ကျယ်ပြီး ဘောလုံးကစားကောင်းသောနေရာပင် ဖြစ်သည်။

ဆိပ်ကမ်းလုပ်သားများဘောလုံးကစားခြင်းဖြင့် အခြားအသောက်အစားဘက် အာရုံနည်းလာပြီး ဆိပ်ကမ်းလုပ်သားများ၏ ကျန်းမာရေးအတွက် ပိုမိုအကျိုးရှိလာကြောင်းနှင့် နေ့စဉ်ပင်ပန်းသည့်ကြားမှ ဘောလုံးအားကစားကို ပျော်ရွှင်စွာကစားကြကြောင်း သိရသည်။

**တိမ်တမန်**

# တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သထုံမြို့တွင် ဖွင့်လှစ်

**သထုံ နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ကြီးကို နိုဝင်ဘာ ၁၈ ရက် နံနက်က ဖွင့်လှစ်ခဲ့ပြီး ခေတ်မီတိုင်းရင်းဆေးနည်းပညာများအသုံးပြုကာ ဒေသတွင်းမှ ဝေဒနာရှင်များအား ၂၄ နာရီဖွင့်လှစ်ကာ အခမဲ့ကုသပေးသွားမည်ကြောင်း သိရသည်။

ဆေးရုံဖွင့်ပွဲကို အ. ထ. က(၁) ကျောင်းအနီးရှိ အဆိုပါဆေးရုံတွင်ကျင်းပရာ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦး၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်ကျော်သိန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်နှင့် ဝန်ထမ်းများ၊ သထုံခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

"ဆေးရုံကို ၂၄ နာရီလုံးဖွင့်ထားပြီးတော့ ပြင်ပလူနာ၊ အတွင်းလူနာတွေကို ကုသပေးသွားမယ်။ မူခင်းလူနာနဲ့ ကူးစက်ရောဂါ စတာတွေကိုတော့ သက်ဆိုင်ရာဆေးရုံတွေကို ညွှန်းပို့ပေးမှာပါ။ ဒီဆေးရုံမှာ တက်ရောက်ကုသသူတွေအနေနဲ့ ဆေးရုံတက်ရောက်ကုသတဲ့စရိတ် ပေးစရာမလိုဘဲ အခမဲ့ဝန်ဆောင်မှုပေးသွားမှာပါ" ဟု မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

အဆိုပါဆေးရုံကို ပြည်နယ် လူမှုရေးဝန်ကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်က ဆေးရုံတည်ဆောက်ခဲ့မှုနှင့် ဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခဲ့သည်။

"တိုင်းရင်းဆေးက ဘေးထွက်ဆိုးကျိုးနည်းတယ်။ ဆေးဖက်ဝင်အပင်တွေက သဘာဝအတိုင်းဖော်စပ်ထားပြီးတော့ ရေရှည်အသုံးပြုလို့ကောင်းတယ်လို့မြင်တယ်။

"ဒါကြောင့် တိုင်းရင်းဆေးကိုအနောက်တိုင်းဆေးတွေထက်ပိုပြီး ယုံကြည်စိတ်ချတယ်။ ခုလိုတိုင်းရင်းဆေးနည်းပညာနဲ့ ကုသပေးတဲ့ဆေးရုံကို မျှော်လင့်နေတာကြာပါပြီ" ဟု ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဖြူက ပြောသည်။

အဆိုပါဆေးရုံမှာ အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဆောက်လုပ်ခဲ့ကာ ၂၀၁၅ ခုနှစ် မတ်လတွင် တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပြီး ငွေကျပ်သိန်းပေါင်း ၂၁၅၀ ကုန်ကျခဲ့သည်။

ယင်းဆေးရုံနှင့်အတူ RC လေခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတစ်ခုကိုလည်း ငွေကျပ်သိန်းပေါင်း ၃၁၅၀ အကုန်အကျခံကာ တည်ဆောက်ထားပြီးဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ဒက္ခိဏခရိုင်အတွင်းရှိလယ်ဝေးမြို့နယ်ယက္ကန်းစင်တောင် ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ယက္ကန်းစင်တောင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်၊ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ယက္ကန်းစင်တောင်ကွန်ကရစ်လမ်းမှာ အရှည်ပေနှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုရှစ်လက်မရှိ ကွန်ကရစ်လမ်းဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၈၅ သန်း ကုန်ကျခံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကိုု**



## ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာချင်းဆက် သံကူကွန်ကရစ် တံတား တည်ဆောက်ပြီးစီးမှုအား စစ်ဆေးကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာတို့အား ဆက်သွယ်ပေးသည့် ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Best Asia Myanmar ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ တံတားတည်ဆောက်ပြီးစီးနေမှုအား နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါတံတားသည် အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေရှိကာ (၁၃)တန်အောက်ယာဉ်များသာ သွားလာခွင့်ပြုမည်ဖြစ်ပြီး ယခုကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးထားခြင်းဖြင့် ကျေးလက်နေပြည်သူများ သွားရေးလာရေး ပိုမိုလွယ်ကူစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့်**

# ရေဘေးသင့်ပြည်သူများကို ဓာတ်ပုံရောင်းရငွေများလှူဒါန်းမှု ဓမ္မသဘင် ကျင်းပမည်

**စစ်ကိုင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းဓာတ်ပုံအသင်းမှဦးဆောင်ကာ ရေဘေးသင့်ပြည်သူများအား ရရှိခဲ့သည့် ဓာတ်ပုံရောင်းရငွေများအား လှူဒါန်းသည့် လှူဒါန်းမှုဓမ္မသဘင်ကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုဓမ္မသဘင်ကို သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက နိုဝင်ဘာ ၂၁ ရက် ည ၇ နာရီတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မြို့နယ်ဘောလုံးကွင်းကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားတော်နာကြွရောက်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန် စက်တင်ဘာ ၅ ရက်မှ ၆ ရက်ထိ ဓာတ်ပုံပြပွဲပြုလုပ်၍ စစ်ကိုင်းမြို့၏ ရှုခင်းပုံများ၊ မြန်မာယဉ်ကျေးမှုဓာတ်ပုံများကို ပြသရောင်းချခဲ့ရာ သိန်းလေးဆယ်ကျော် ရရှိခဲ့ပြီး ရရှိငွေများကို သီတဂူသာသနာပြုအဖွဲ့ကြီးမှတစ်ဆင့် ချင်းပြည်နယ် ရေဘေးသင့်ဒေသများသို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ဇေယျ**

# ကန့်ဘလူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများတွင် ယင်လုံအိမ်သာများ တည်ဆောက်ပေး

**ကန့်ဘလူ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လ လယ်ပိုင်းက မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေဘေးသင့်ကျေးရွာများအတွက် UNICEF ထောက်ပံ့ငွေဖြင့် ယင်လုံအိမ်သာများ ပြန်လည်တည်ဆောက်ပေး လျက်ရှိကြောင်း သိရသည်။

ယင်းသို့ တည်ဆောက်ပေးရာတွင် သင်ပန်းတော၊ ချောင်းခြားနှင့် ပေကုန်းကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်သည် နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ရာ ယင်လုံအိမ်သာအလုံး ၆၀ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကန့်ဘလူမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာခုနစ်ရွာတွင် ယင်လုံအိမ်သာ ၁၁၆ လုံး ပြန်လည်တည်ဆောက်ပေးရမည်ဖြစ်ပြီး ကျန်ရှိနေသော ကျေးရွာများအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပဆုပ်ကျေးရွာနှင့် ကံအိုးကျေးရွာတို့ကို ဆက်သွယ်သည့် ရေကျော်တံတားဆောက်လုပ်

**ကျောက်ထု နိုဝင်ဘာ ၁၉**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပဆုပ်ကျေးရွာနှင့် ကံအိုးကျေးရွာတို့သည် ကျေးရွာသွားမြေသားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည့်အပြင် အောက်တိုဘာလက အဆိုပါလမ်း ပဆုပ်ချောင်း၌ ရေကျော်တံတားကို နိုဝင်ဘာ ၁၅ ရက်တွင် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေကျော်တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀၊ အလျား ၁၆ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၈ ပေဖြင့် အောက်တိုဘာ ၁၂ ရက်က စတင်ဆောက်လုပ်ခဲ့သည်။

ယခင်က မိုးရာသီ ပဆုပ်ချောင်းရေစီးကြမ်းသည့်အခါတွင် သွားလာမှုအခက်အခဲဖြစ်ခဲ့ရာမှ ယခုအခါတွင် အဆိုပါကျေးရွာများ ရာသီမရွေး လွယ်ကူစွာဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် ပဆုပ်၊ ကံအိုးကျေးရွာများသာမက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများပါ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

**(၄၆၅)**

# ဘားအံမြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်း

**ဘားအံ နိုဝင်ဘာ ၁၉**

သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ဆေးဝါးနှင့် ပညာရှင်များရှိသော်လည်း အခင်းဖြစ်ရာဒေသသို့ သွားလာရန် ယာဉ်အခက်အခဲရှိနေသော ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းသို့ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးသိန်းဇော်မင်းနှင့် ဇနီးဒေါ်နန်းယဉ်ယဉ်ထွေး မိသားစုတို့မှ Honda Spike မော်တော်ယဉ် တစ်စီးအား လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်ကြက်ခြေနီသိုလှောင်ရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေးက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် ဗိုလ်မှူးသိန်းဇော်မင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတပ်ရင်းမှူး ဦးသောင်းထွန်းအောင်ထံသို့ Honda Spike မော်တော်ယဉ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငွေဆောင်ကမ်းခြေဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၁၉**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော ငွေဆောင်-ဆင်မလမ်းပေါ်ရှိ ကွန်ကရစ်တံတားရှစ်စင်းနှင့် Box Culvent နှစ်စင်းတည်ဆောက်နေမှုလုပ်ငန်းအား နိုဝင်ဘာ ၁၆ရက် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဌေးနိုင်က ဆောင်ရွက်ပြီးစီးမှုအခြေအနေအားရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**


**Pleasant Times** Travels & Tours
Scania & Man Coach
Release Your stress with Pleasant Times
- တောင်ကြီး မီးပုံးပျံပွဲ (Nov:25) (Dec:24)
- ပုဂံ - စွယ်တော်လေးဆူ (Dec:24)
- ထားဝယ်-ရှင်ကိုးရှင် with Flight (Dec:24)
- မန္တလေး-ပြင်ဦးလွင်-မင်းကွန်း-ကျောက်စိမ်းဘုရား(Dec:24)
- မော်လမြိုင်-ဘားအံ-ကျိုက်ထီးရိုးရေတံခွန်(Dec:24)

နေ့ချင်းပြန် ခရီးစဉ်များ
(Nov: 25,28 Dec: 5,12,19,24)
- ပြည် (အကောက်တောင်)
- သထုံ - မဲလံတောင် - ရေပူစမ်း
- ဘားအံ - ကျိုက်ထော်ရေတံခွန်
- တောင်ငူ - သံတောင် - ဖိုးကျားဆင်စခန်း

အမှတ်(၇၇)၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 09-73158702, 09-73072661, 01-500993, 09-252872529



## ရုံးခန်းငှားရန်ရှိသည်

ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်(ဒုတိယထပ်)
အခန်းအကျယ် ပေ(၂၇×၆၅)၊ Air Con(4)လုံး၊ Tel (4)လုံး
လိုင်းခွဲ(PAPX)
CCTV, မီးစက် 25KVA, Networkကြိုး
ဆက်သွယ်ရန် ဖုန်း-200955, 202583(09-5403108, 09-799493414)



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်းပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၆၇၂A)၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ ဦးပိုင်အမှတ်(H-၁၅၆)၊ မြေအမျိုးအစား(လန-၃၉)လျှောက်ထားဆဲအိမ်ရာမြေ(စလစ်မြေ)ဟုခေါ်တွင်သော အကျယ်အဝန်း(၀. ၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား သန်လျင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနတွင် ဦးဇော်ဝေ[၁၂/ဒဂန(နိုင်)၀၁၈၄၈၁]က မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး မူရင်းစလစ်စာရွက်စာတမ်းများ ပျက်စီးနေကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်းနှံထားခြင်း၊ စွန့်လွှတ်ပေးကမ်းလှူဒါန်းထားခြင်း၊ အမှုအခင်းဖြစ်ပွားနေခြင်းတို့မှ ကင်းရှင်းပါကြောင်းတင်ပြဝန်ခံပြီး အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**အမှတ်(၂၈)၊ မြေညီထပ်၊ မဂ်လာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၆၅၂၊ ၀၉-၄၅၀၀၁၉၂၁၀**



MIC
Myanmar Imperial College




တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA | DBA

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်း

09 732 10001 / 09 4211 00222
အမှတ် (၁) ဈေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
November Intake!

ကြော်ငြာ

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

(ဦးရောင်ရှိန်-ဒေါ်ကျင်မွေး)ယင်းမာဖိနပ်ဆိုင်တို့၏မြေး
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၅၉/၂၆၁)၊ ပထမထပ်နေ
ဦးအောင်စိုး-ဒေါ်လှဝင်း
(မြတ်ကြည်အောင်-မန္တလေးဖိနပ်ဆိုင်)တို့၏ သားငယ်

**မောင်ကျော်ညီညီအောင်** (အင်ကြင်းခိုင်-ဖိနပ်ဆိုင်)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဗိုလ်မှူးကြီးအောင်ကျော်ထွန်း-ဒေါ်မေစီလှ တို့၏သမီးလတ်

**မယဉ်သူထွန်း B.A(Myanmar)**

တို့၏ ၁၁-၁၁-၂၀၁၅ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တရားရုံးချုပ်၌ မင်္ဂလာလက်မှတ်ရေးထိုးခြင်းတွင် တရားသူကြီးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်ရှုပဝင်းအားလည်းကောင်း၊ ၁၅-၁၁-၂၀၁၅ရက်တွင် SEDONA HOTEL (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် လက်ထပ်မင်္ဂလာပန်းကုံး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးခြင်းနှင့် မင်္ဂလာဦး သြဝါဒစကားပြောကြားပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)နှင့်ဇနီးဒေါ်မေရီတင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဆုပြည့်ပြည့်သာ၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မရည်မွန်သိန်း၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော မလွင်ပိုပိုမောင်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံအဖြစ်ဆောင်ရွက်ပေးကြပါသော မောင်မင်းစစ်အောင်နှင့် မောင်အောင်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာသတို့ သမီးအရံအဖြစ်ဆောင်ရွက်ပေးကြပါသော မယဉ်မေထွန်းနှင့် မယွန်းရွှေရေးတို့အားလည်းကောင်း၊ မင်္ဂလာအခါတော် ပေးသီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် တက္ကသိုလ်လဲ့လဲ့အားလည်းကောင်း၊ ဝတ်စုံအလှနှင့်မိတ်ကပ်အလှ ဆင်မြန်းပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာခန်းမကြီးအား ဂုဏ်သရေတင့်တယ်စွာ ပန်းအလှ ဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ လက်ဝတ်ရတနာအလှဆင်မြန်းပေးပါသော ရွှေရတီ စိန်ရွှေရတနာဆိုင်မှ ဦးအောင်ဇေယျနှင့် ဒေါ်တင်သင်းသင်းသန်းတို့အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးပေးပါသော Seven Picture Wedding Dress and Photo Studioအဖွဲ့သားများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ်၊ အမှတ်စဉ်(၂၆)မှ သူငယ်ချင်းမိသားစုများ၊ SEDONA HOTELမှ Managerနှင့် တာဝန်ရှိဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအား နှစ်ဖက်မိဘများနှင့် မင်္ဂလာဇနီးမောင်နှံတို့မှ လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ညီညီအောင်-မယဉ်သူထွန်း**

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

(၁၄-၁၁-၂၀၁၅)စနေနေ့တွင် Dolphin Restaurant ၌ကျင်းပပြုလုပ်ခဲ့သော ဒေါက်တာသန့်စင် နှင့် မလင်းလင်းထွန်း တို့၏ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသည့်နှစ်ဖက်ဆွေမျိုးများ၊ ရပ်နီးရပ်ဝေးမှမိတ်ဆွေ သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ MPT, Fortune မှလူကြီးမင်းများအားလည်းကောင်း၊ အခမ်းအနားမှူး ခိုင်မြဲသာ၊ အဆိုတော် နင်းရီသန့် နှင့် ရီရီသန့် မြန်မာသံစဉ်တေးဂီတအဖွဲ့အားလည်းကောင်း၊ ဤမင်္ဂလာပွဲကြီးထမြောက်အောင်မြင်အောင်စေတနာထက်သန်စွာ ကူညီစောင့်ရှောက်ဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူ အားလုံးအားကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဒေါက်တာ သန့်စင် + မလင်းလင်းထွန်း

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

**စတိုးဆိုင်သုံးပစ္စည်းများရောင်းရန်**
(၆)လအတွင်း အသုံးပြုထားသော စတိုးဆိုင်ပစ္စည်းများထားသော နှစ်ဖက်လှစင်များ၊ Freezer(ရေခဲသေတ္တာ)အပါအဝင် အထူးလျှော့ဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၉-၅၄၁၈၉၂၁၊ ၀၉-၅၀၅၂၂၁၄

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်သူရအောင် [၁၂/မဂတ(နိုင်)၀၇၉၈၂၀]၏ PP No. (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၅၁၅၇၈၆၈

Jesus Loves You
ပန်းခေတ်ရီ (ပန်းဆိုင်)
မင်္ဂလာအခမ်းအနားပန်းအလှဆင်ခြင်း။
သတို့သမီး လက်ကိုင်၊ ရင်ကပ်ပန်း။
မင်္ဂလာကားအလှဆင်ခြင်း။
ဂုဏ်ပြုပန်းခြင်း၊ ပန်းစည်းနှင့် စားပွဲတင်အလှပန်းအိုးများ။
No. 194, 28th Street (Upper Block), Pabedan Township, Yangon.
Ph: 095035405, 09420050577, 09 5097453

**ပတ်စ်ပို့ပျောက်**
ကျွန်မ မအက်စ်ဒေါင်နန်း[၁/မကန(နိုင်)၁၃၄၁၁၅]၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၀၁၇၇၄၊ ၀၇၄-၂၂၉၈၇

**ပျောက်ဆုံးကြောင်း**
Golden Win Success Co.,Ltd ၏ I.D NO.116665 (31-5-13), Custom Statement နှင့် ယာဉ်ဓာတ်ပုံမူရင်းတို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၇၉၂၈၃

PUN HLAING SILOAM HOSPITALS

"ထပ်၍ နှလုံးကျန်းမာရေးအတွက် ထတာဝန်ယူ"



ပန်းလှိုင်စီလုံဆေးရုံကြီး၏ ဆေးပညာပြန့်ပွားရေးအဖွဲ့မှကြီးမှူးကျင်းပသော **"နှလုံးကျန်းမာစိတ်ချမ်းသာ"** ခေါင်းစဉ်ဖြင့်ဟောပြောပွဲတွင် **"သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်စောင့်ရှောက်နည်းများ"** အကြောင်းကို နှလုံးရောဂါကုသမှုနယ်ပယ်၌ အတွေ့အကြုံများစွာရှိသည့် မြန်မာနိုင်ငံမှ နှလုံးအထူးကုဆရာဝန်ကြီးများကိုယ်တိုင်ဟောပြောပို့ချပေးသွားမည်ဖြစ်ပါ၍ နှလုံးကျန်းမာရေးကို စိတ်ပါဝင်စားပြီးတက်ရောက်လိုသော မည်သူမဆို ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက် - ၂၀၁၅ ခုနှစ် နိုဝင်ဘာလ(၂၂) ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် (၉) နာရီမှ (၁၁)နာရီအထိ
နေရာ - မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY
HEALTH PRODUCTS DIRECTORY
www.myanmarhealthdirectory.com



ကျန်းမာရေးနှင့် ပတ်သက်သော ဆေးဝါးဖြန့်ဖြူးမှုနှင့် ပစ္စည်းကိရိယာတင်သွင်းမှု၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးအတွက်မရှိမဖြစ် လမ်းညွှန်စာအုပ်

၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက

YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com

MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ်-2B နေ
ဦးသိန်းလွင်-ဒေါ်နွယ်နွယ်ဦးတို့၏ တစ်ဦးတည်းသောသား

**မောင်ကျော်စွာသိန်းလွင်**

**B.E(MECHANICAL)**

**SERVICE ENGINEER, YAMAZAKI IMAZAK (SINGAPORE)**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ အမှတ်-၁၄၈နေ
ဦးအောင်လင်း-ဒေါ်ယုဇနမာလာတို့၏တစ်ဦးတည်းသောသမီး

**မမိုးပွင့်ဖြူ**

**B.A(ECO), Dip;Chinese, D.A(LCCI), ACCA PART (II)**

တို့၏ ၁၂-၁၁-၂၀၁၅ရက်တွင် တရားရုံးချုပ်၌ လက်မှတ်ရေးထိုးပေးပါသော ဒေါ်စိုးစိုးအောင် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီး)၊ ၁၅-၁၁-၂၀၁၅ရက်တွင် INYA LAKE HOTEL ၌ ကျင်းပသော မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဇနီး ဒေါ်သင်းသင်းမြ (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရွှေနေချုပ်ရုံး)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးစိုးနိုင်နှင့် ဇနီး ဒေါ်လွင်လွင်ဦး၊ မေတ္တာဖြင့် လက်ကိုင်ပန်းနှင့် ဓာတ်ပုံအလှပန်း ပြင်ဆင်ပေးပါသော ဦးကိုကြီး(ပြည်လမ်း)၊ ပန်းအလှပြင် နီနီပွိုင့်၊ မင်္ဂလာဝတ်စုံ မမဇူ (Zu Zu Collection၊ မေတ္တာဖြင့် ကူညီပေးပါသော ဦးဘုန်းမြင့်နှင့်ဒေါ်ကျင်တွမ်၊ မိတ်ကပ် ညီညီမောင် (စမ်းချောင်း)၊ ဘားလမ်း ဦးကိုကြီး၊ မင်္ဂလာအခမ်းအနားမှူးဦးသိန်းလှမော်၊ First Music Agency တေးဂီတအဖွဲ့၊ အရံနှင့်ဗန်းကိုင်ပေးပါသော ကောင်းမြတ်ဟန်၊ သီဟအောင်၊ ရွှန်းလဲ့စန္ဒီဟိန်း၊ စိမ်းလဲ့နဒီဟိန်း၊ စုစုနွယ်၊ နွယ်မာဝင်း၊ မယ်မဒီ၊ ဓာတ်ပုံနှင့်ဗီဒီယို FOCUS DAILY၊ INYA LAKE မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စွာသိန်းလွင်-မမိုးပွင့်ဖြူ**

**Amazing Culture Myanmar 09450071752, 09450071753**

- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော
- ပုဂံ(စွယ်တော်လေးဆူ) ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း
- ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ

**Nov 27, Dec 4,11,18**

**ကျိုက်ထီးရိုး**(နေ့စဉ်)
**ချောင်းသာ**(နေ့စဉ်)

ကားမျိုးစုံ စီးလိုးငှား ဈေးနှုန်းသက်သာစွာ ဆောင်ရွက်ပေးပါသည်။

### အမြန်ရောင်းမည်

ပေ (၁၅×၅၀)(၂ခန်းတွဲ)၊ တစ်ခန်း သိန်း၇၅၀၊ ဇလွှာ၊ နဝဒေးလမ်း၊ ထ-၁ဒဂုံ ရွှေ့။
ဖုန်း-၀၉-၅၁၅၂၇၅၉၊ ၀၉၂၅၃၃၀၆၄၈၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

**ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးတည်ဆောက်လိုသူများကို ဖိတ်ခေါ်ထားခြင်းနှင့်ပတ်သက်၍ အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက်အား ရွှေ့ဆိုင်းသတ်မှတ်ခြင်း**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့မီးရထားမှ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ရင်းနှီးတည်ဆောက်လိုသူများထံမှ EOI အဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခဲ့ပါသည်။

ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအတွက် EOI ခေါ်ယူထားမှုနှင့်ပတ်သက်ပြီး အဆိုပြုလွှာတင်သွင်းရမည့်နောက်ဆုံးရက်အား မူလသတ်မှတ်ထားသည့် (၆.၁၁.၂၀၁၅) ရက်နေ့အစား (၆.၁.၂၀၁၆) ရက်နေ့သို့ ပြင်ဆင်သတ်မှတ်လိုက်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၏ အဓိကအရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အတွက် ရင်းနှီးတည်ဆောက်လိုသူများအနေဖြင့် ပိုမိုပြည့်စုံသော အဆိုပြုလွှာများ ပြုစုတင်ပြနိုင်ရန်နှင့် မြန်မာ့မီးရထားမှ လိုအပ်သော သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပံ့ပိုးပေးနိုင်ရန် EOI တင်သွင်းရမည့်ကာလကို (၂) လအထိ တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

- ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် တစ်ပတ် ၄ ရက်၊ ၄ လပြတ် သင်ကြားပေးမည်။
  သင်တန်းချိန် (နေ့လည် ၁း၁၀ မှ ညနေ ၅း၃၀)
- သင်ရိုးကုန် ဂျာနယ် ၁၂ အုပ်နှင့် Exam Special Guide မေးခွန်း ၄ စုံနှင့် စံပြအဖြေများ တစ်အုပ်နှင့် Hot Spot တစ်အုပ် ပေး၍ သင်ကြားပေးမည်။

တက္ကသိုလ်ဝင်တန်း(သိပ္ပံ၊ ဝိပ္ပံ) |၄| လပြတ်

**EXAM SPECIAL CLASS**

**November, December, January, February**

ကျောင်းအပ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

**၂၀၁၅–၁၆နှစ်အတွက် အထူးဈေးနှုန်း အထူးဝန်ဆောင်မှုအစီအစဉ်သစ်**

**အထူးဆု–ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။**

(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) Hotel 2 days ➔ (၉.၅)သိန်း
(၁၂)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel 4 days ➔(၉.၉)သိန်း
(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days ➔(၁၁.၅)သိန်း
သီရိလင်္ကာ စွယ်တော်+မူလဇောဓိပင်+ ဗန်ကောက်မြဘုရား (၇)ရက်ခရီး ➔ (၁၈)သိန်း စရိတ်ငြိမ်း

**အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။**

**စရန်ငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။**

ဗုဒ္ဓဂယာတွင် ခါတ်လေှကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

**ထွက်ခွာမည့်ရက်များ:** ၁၂ ရက်ခရီးစဉ် (Dec-14,28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-5,12),

**သီရိလင်္ကာခရီးစဉ်များ– (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)**

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
